# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၇၅)


# ရုပ်ရှင်များကပေးတဲ့ ဩဇာဟာ လူအများရဲ့စိတ်နှလုံးကို အများကြီးလွှမ်းမိုးနိုင်ပါတယ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် မတ် ၂၃

**၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ The One Entertainment Park ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးချီးမြှင့်သည်။**

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာ ဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သဘင်၊ ဂီတအစည်းအရုံးအဖွဲ့ဝင်များ၊ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် စိစစ်အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဆုချီးမြှင့်ပွဲ မစတင်မီ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက တေးသံသာများဖြင့် လည်းကောင်း၊ မြန်မာ့ရုပ်ရှင် အကယ်ဒမီဂုဏ်ပြုအကယ်ဒမီကြယ်စင်အကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍




၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို တွေ့ရစဉ်။ သတင်းစဉ်




မြန်မာ့အလင်း

# သိမ်မွေ့သောစွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်

အနုပညာနှင့် အတတ်ပညာတို့ ပေါင်းစပ်ထားသည့် ရုပ်ရှင်လုပ်ငန်း ပေါ်ပေါက်လာခဲ့သည်မှာ ကမ္ဘာပေါ်တွင် နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီး မြန်မာနိုင်ငံအဖို့မူ လာမည့်နှစ်တွင် နှစ်တစ်ရာပြည့်ပြီဖြစ်သည်။ အနုပညာရှင်များနှင့် အတတ်ပညာရှင်များ ပူးပေါင်းဖန်တီးထုတ်လုပ်ကြသည့် ရုပ်ရှင်က လူ့အဖွဲ့အစည်းတို့အပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိသည်။ ဩဇာလွှမ်းမိုးသည်ဟု ဆိုရာတွင်လည်း မာကြောခက်ထန်စွာမဟုတ်၊ သိမ်မွေ့နူးညံ့စွာဖြစ်သည်။

ရုပ်ရှင်အနုပညာ၏ သိမ်မွေ့သောစွမ်းအားကိုရယူကာ အချို့သောနိုင်ငံများက ၎င်းတို့၏ နိုင်ငံရေးအယူအဆများ၊ မူဝါဒများကို လူ့အဖွဲ့အစည်းများဆီသို့ ဖြန့်ချိသည်။ ထိုအခါ ဝါဒဖြန့်သည်ဟုဆိုလျှင်ပင် အနုပညာ၏သိမ်မွေ့သော စွမ်းအားကြောင့် ဝါဒဖြန့်သည်ဟုမထင်ရ။ ရုပ်ရှင်အနုပညာသည် လူ့အဖွဲ့အစည်း၏ ခေတ်ပြိုင်အကြောင်းအရာများကို ဖော်ထုတ်တင်ပြနိုင်သလို သတင်းစကား ပါးနိုင်သည်။ ယဉ်ကျေးမှုအမွေအနှစ်ကောင်းများကို သားစဉ်မြေးဆက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် နှိုးဆော်နိုင်သကဲ့သို့ အယူအဆအလွဲအမှားများ၊ စွန့်ပစ်အပ်သည့် ဓလေ့ထုံးစံများကို လူ့အဖွဲ့အစည်းအတွင်းမှ ဖယ်ရှားနိုင်ရေးအတွက်လည်း ရုပ်ရှင်၏ သိမ်မွေ့သောစွမ်းအားဖြင့် စွမ်းဆောင်ပေးနိုင်သည်။ လူအချင်းချင်းလေးစားရေး၊ လောကပါလတရားများထွန်းကားရေး၊ ဘာသာတရားတို့၏ အနှစ်သာရများကို ပိုမို၍ နားလည်ကြစေရေး၊ လူ့အဖွဲ့အစည်းများအတွင်းမှ ပဋိပက္ခများကို ရှောင်ရှားနိုင်ကြစေရေး စသည်ဖြင့် ရုပ်ရှင်အနုပညာ စွမ်းပကားဖြင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးဖြစ်ထွန်းစေနိုင်မှုစွမ်းပကားမှာ ကြီးမားလှသည်။

"ကျွန်မတို့နိုင်ငံကို ငြိမ်းချမ်းအောင်၊ ညီညွတ်အောင်၊ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်တဲ့နေရာမှာ အနုပညာဖန်တီးမှုများကလည်း ရှိနေတဲ့သိမ်မွေ့တဲ့စွမ်းအားကို အကျိုးရှိရှိ ဘယ်လိုအသုံးချနိုင်မလဲဆိုတာ စဉ်းစားပါတယ်။ ဘာကြောင့်လဲဆိုတော့ ရုပ်ရှင်များကပေးတဲ့ ဩဇာဟာ လူအများရဲ့ စိတ်နှလုံးကို အများကြီးလွှမ်းမိုးနိုင်ပါတယ်။ ဒါဟာ ကျွန်မပြောလေ့ရှိတဲ့ **Soft Power** ပါပဲ။ အဲဒီလို သိမ်မွေ့တဲ့စွမ်းအားကို မှန်မှန်ကန်ကန် အသုံးချပြီးတော့ ကျွန်မတို့နိုင်ငံအတွက်သာမကဘဲ တစ်ကမ္ဘာလုံးအတွက်ပါ အကျိုးဖြစ်ထွန်းစေချင်ပါတယ်"ဟူ၍ ၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားမိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့ခြင်းက မြန်မာ့ရုပ်ရှင်လောကသားတို့၏ အခန်းကဏ္ဍကို အလေးအနက်ပြုလျက် တိုက်တွန်းခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်၏ ပစ္စုပ္ပန်အခြေအနေသည် ငယ်ရုပ်ဆင်တစ်သွင်ဆန်းလျက် အညွန့်အခက်တို့ ပြန်လည်ပေါ်ထွက်လာခဲ့ပြီ။ အားသစ်အင်သစ် မျှော်လင့်ချက်အသစ်များဖြင့် အနာဂတ်လမ်းကို ဖြောင့်ဖြောင့်တန်းတန်း မြင်စပြုပြီ။ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရမည့်သူများမှာ ရုပ်ရှင်လောကသားများပင်ဖြစ်ပြီး နိုင်ငံတော်အစိုးရကမူ စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီသွားမည်ဖြစ်ရာ ရုပ်ရှင်အနုပညာ၏ သိမ်မွေ့သောစွမ်းအားဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့တွင် ဂုဏ်သိက္ခာမြင့်မားစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ရုပ်ရှင်ရုံသစ်များ အများအပြား ပေါ်ထွက်လာသလို မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ နိုင်ငံတကာဈေးကွက်ဆီသို့ပါ တင်ပို့နိုင်သည့် အခြေအနေကောင်းများလည်း ပေါ်ထွက်လာခြင်း၊ ရန်ကုန်မြို့ဗဟန်းမြို့နယ်မှ ရုပ်ရှင်မြှင့်တင်ရေးစင်တာနှင့် ရုပ်ရှင်စတူဒီယိုများ ပြန်လည်သက်ဝင်လှုပ်ရှားလာခြင်း၊ ရုပ်ရှင်ရိုက်ကူးရေးဆိုင်ရာ အခက်အခဲများနှင့် လိုအပ်ချက်များအတွက် ညှိနှိုင်းဆောင်ရွက်နိုင်မည့် အဖွဲ့အစည်း ပေါ်ပေါက်လာခြင်းတို့က မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ အနာဂတ်အစွမ်းကုန်တောက်ပနိုင်ရေးအတွက် အခြေခံကောင်းများဖြစ်သည့်အလျောက် သိမ်မွေ့သည့်စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပါစေကြောင်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။




## ထိုင်းနိုင်ငံ ဓမ္မကာရကျောင်းတိုက်တော်မှ ရတနာပစ္စည်းများနှင့် ဘတ်ငွေများလှူဒါန်း

**အရာတော် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓသာသနာနုဂ္ဂဟအသင်း၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံ ပထုံဌာနီမြို့နယ်ရှိ ဓမ္မကာရကျောင်းတိုက်မှ နာယကဆရာတော် လုံဟောဓမ္မချိုင်ယို၏ တပည့်ရဟန်းသံဃာတော်များနှင့် ဒါယကာ ဒါယိကာမများက စစ်ကိုင်းမြို့သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံ မတ် ၂၁ ရက်က လာရောက်၍ သီတဂူဆရာတော်ကြီး ရုရှားနိုင်ငံတွင် တည်ထားတော်မူသော ရွှေစည်းခုံဘုရားတွင် ဌာပနာရန် ဗုဒ္ဓဓာတ်တော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် စီခြယ်ရန် ရတနာတော်များ(ဘတ်ငွေ သိန်း ၂၀ ဖိုး) နှင့် USဒေါ်လာ ၃၂၀၀ ကိုလှူဒါန်းကြောင်း သိရသည်။ **စိုးဝင်းဗိုလ်(အရာတော်)**

# အခုလာမယ့် ဧပြီလ ၁ ရက်နေ့ကနေစပြီးတော့ အော်ပရေတာ တစ်ခုစီအနေနဲ့ လူတစ်ယောက်ကို ဆင်းကတ် ၂ ခုပဲ အမှန်တကယ် သုံးစွဲသူအမည်နဲ့ မှတ်ပုံတင်ပြီး ရောင်းချဖို့ ညွှန်ကြားထားပါတယ်

**နေပြည်တော် မတ် ၂၃**

ဧပြီလ ၁ ရက်နေ့မှစ၍ အော်ပရေတာများအနေဖြင့် လူတစ်ဦးလျှင် ဆင်းကတ် ၂ ကတ်သာ ရောင်းချသွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် မိမိနှစ်သက်ရာ အော်ပရေတာများထံမှ ဆင်းကတ် ၂ ကတ်စီ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက ပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုလျှင် ဧပြီလ ၁ ရက်နေ့မှစတင်၍ ဆင်းကတ် ၂ ကတ်သာ ကိုင်ဆောင်ခွင့်ပြုမည်ဆိုသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်နှင့် စပ်လျဉ်း၍ ပြည်သူများ ရှင်းလင်းစွာ သိရှိနိုင်စေရန် အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းကို ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တယ်လီဖုန်းအော်ပရေတာများဖြစ်သည့် MPT, Telenor, Ooredoo နှင့် MyTel တို့သည် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိပြီး ဧပြီလ ၁ ရက်နေ့မှစတင်၍ အသိအမှတ်ပြု သက်သေခံကတ်ပြား ကိုင်ဆောင်ထားသည့် လူတစ်ဦးလျှင် အော်ပရေတာတစ်ခုစီထံမှ ဆင်းကတ် ၂ ကတ်စီ ဝယ်ယူသုံးစွဲနိုင်မည် ဖြစ်သည်။

"လာမယ့် ဧပြီ ၁ ရက်ကစပြီး ဆင်းကတ်ဝယ်တဲ့နေရာမှာ အသိအမှတ်ပြု ကတ်ပြားတစ်ခုခုပြပြီး ဝယ်ရမယ်။ ဝယ်တဲ့အခါမှာလည်း ဘယ်အော်ပရေတာဆီမှာမဆို ဆင်းကတ် ၂ ကတ်ပဲ ဝယ်လို့ရမယ်။ အခုလမ်းဘေးမှာ ချရောင်းနေတာတွေ တွေ့ရှိနေရပါတယ်။ အဲဒီလမ်းဘေးမှာ ချရောင်းနေတာတွေက ကိုယ့်နာမည်နဲ့ မှတ်ပုံတင်ထားတာ မဟုတ်တဲ့အတွက် မဝယ်သင့်ပါဘူး၊ သက်ဆိုင်ရာ အော်ပရေတာတွေက ရောင်းချတဲ့ တရားဝင်ဆိုင်တွေမှာပဲ မိမိအမည်နဲ့ မှန်မှန်ကန်ကန် မှတ်ပုံတင်ဝယ်ယူပြီး အသုံးပြုသင့်ပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက ပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုတည်းဖြင့် SIM Card အမြောက်အမြားကို ဝယ်ယူအသုံးပြု၍ တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိခြင်း၊ မှန်ကန်စွာ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ဈေးကွက်တွင် အလွယ်တကူ သုံးစွဲနေခြင်းတို့ကြောင့် mobile ငွေကြေးဝန်ဆောင်မှုများ စနစ်တကျလုံခြုံမှုရှိစေရေးနှင့် အများပြည်သူ၏ လုံခြုံရေးကို ထိရောက်စွာ အကာအကွယ်ပေးရေး ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေခြင်းတို့ကြောင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဦးစိုးသိန်းက "အရင်တုန်းကတော့ ဆင်းကတ်တွေကို နှစ်ခုထက်ပိုပြီး သုံးနေကြတာတွေရှိတယ်။ အပြင်မှာလည်း ရောင်းနေတာတွေရှိတယ်။ အဲဒါတွေ အများစုက အမည်အမှန်နဲ့ မှတ်ပုံတင်ထားတာတွေ မဟုတ်တဲ့အတွက် Mobile ငွေကြေး ဝန်ဆောင်မှုတွေလုပ်တဲ့ အခါကျတော့လည်း စိတ်မချရဘူး၊ အဆင်မပြေဘူး။ ဒါ့အပြင် ကိုယ့်ရေးကိုယ်တာ လုံခြုံရေးအရရော၊ နိုင်ငံတော် လုံခြုံရေးအတွက်ရော အဆင်မပြေဘူး။ ဒါကြောင့် အခုလာမယ့် ဧပြီလ ၁ ရက်နေ့ကနေစပြီးတော့ အော်ပရေတာ တစ်ခုစီအနေနဲ့ လူတစ်ယောက်ကို ဆင်းကတ် ၂ ခုပဲ အမှန်တကယ်သုံးစွဲသူအမည်နဲ့ မှတ်ပုံတင်ပြီး ရောင်းချဖို့ ညွှန်ကြားထားပါတယ်။ လူတိုင်းကို ကိုယ့်နာမည်နဲ့ကိုယ် မှတ်ပုံတင်ပြီး ဆင်းကတ်တွေ သုံးစေချင်တယ်။ ကိုယ့်နာမည်နဲ့ မှတ်ပုံတင်ထားတဲ့ ဆင်းကတ်ကို တခြားသူတွေက သုံးစွဲနေမယ်ဆိုရင်လည်း ဆင်းကတ်သုံးစွဲမှုနဲ့ ပတ်သက်ပြီး တစ်စုံတစ်ခု ဖြစ်လာခဲ့ရင် မိမိမှာတာဝန်ရှိမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာအော်ပရေတာတွေကို မေးမြန်းစိစစ်ပြီးတော့ ပိတ်ခိုင်းဖို့လိုပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "လက်ရှိအနေအထားအရ မှတ်ပုံတင်မရှိသေးသူတွေ၊ တောရွာဒေသတွေမှာ သုံးနိုင်ဖို့အတွက်ကလည်း အရေးကြီးတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးတဲ့ သူတွေကတော့ ယာဉ်မောင်းလိုင်စင်တွေ၊ ကျောင်းသားကတ်ပြား၊ အဲဒီလိုဟာတွေနဲ့ ဝယ်ခွင့်ပေးထားပါတယ်။ နိုင်ငံခြားသားဆိုရင်လည်း ပတ်စ်ပို့တွေနဲ့ ဝယ်လို့ရအောင် လုပ်ထားပါတယ်။ တွေ့ကြုံလာတဲ့ အခက်အခဲတွေ အပေါ်မူတည်ပြီးတော့လည်း လိုအပ်တာတွေကို ပြန်လည်ဖြည့်စွက် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

လက်ရှိအနေဖြင့် မှန်ကန်စွာ မှတ်ပုံတင်ထားခြင်းမရှိဘဲ ရောင်းချနေသည့် တယ်လီဖုန်းဆင်းကတ်များနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် သီးခြားညွှန်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေး

**ရန်ကုန် မတ် ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မတ် ၃၁ ရက်တွင် ကျင်းပမည့် ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲအတွက် ယနေ့ ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ဗဟန်းမြို့နယ်တွင် နည်းဥပဒေပါအတိုင်း ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

**ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေး**

အဆိုပါ ကြိုတင်ဆန္ဒမဲပေးရာတွင် ဗဟန်းမြို့နယ်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းလွင်၊ အဖွဲ့ဝင် ဦးနေဝင်းနှင့် ဒေါ်သီတာအောင်၊ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးဝင်းကြည်၊ ဦးဇော်အောင်တို့က ရွေးကောက်ပွဲနည်းဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်မြို့တော်စည်ပင်သာယာ ကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးစည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် မဲဆန္ဒနယ်ခြောက်ခုသတ်မှတ်ကာ ကိုယ်စားလှယ်လောင်း ၂၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မတ် ၃၁ ရက်တွင် ကျင်းပမည့် ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးစဉ်။** သတင်းစဉ်

*❍ ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားရာတွင် ဒီနေ့ကျင်းပပြုလုပ်တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ ရုပ်ရှင်လောကမှ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဧည့်သည်တော်များ၊ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်က ကြည့်ရှုအားပေးနေကြတဲ့ ရုပ်ရှင်ချစ်ပရိသတ်များနဲ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မအနေနဲ့ ဒီအခမ်းအနားကို မနှစ်ကလည်း တက်ရောက်ခဲ့ပါတယ်။ မတက်ရောက်ဖြစ်တဲ့ နှစ်တွေမှာတော့ ရုပ်ရှင်လောကသားများအတွက် သဝဏ်လွှာပေးပို့ခဲ့ပါတယ်။

**အသစ်တစ်ဖန်မှတ်တမ်းတင်**

ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားဆိုတာ ရုပ်ရှင်လောကသားများအနေနဲ့ မိမိတို့ရဲ့အနုပညာ၊ အတတ်ပညာကို မိမိတို့ မြတ်နိုးတန်ဖိုးထားသလို၊ မိမိတို့ရဲ့ ဖန်တီးမှုလက်ရာတွေ ပီပြင်ပြောင်မြောက်ရေး အဆင့်အတန်းမြင့်မားရေးကိုလည်း ဘယ်လောက်အလေးထားတယ်ဆိုတာ ပြသတဲ့ပွဲတစ်ခုဖြစ်တယ်လို့ မြင်မိပါတယ်။ ဒ့ါအပြင် ဒီပွဲဟာ ရုပ်ရှင်အနုပညာရှင်များအပေါ် ရုပ်ရှင်ကြည့်ပရိသတ်ရဲ့ ရင်းနှီးချစ်ခင်မှု၊ နှစ်သက်မြတ်နိုးမှုကို တစ်နှစ်တာအတွက် အသစ်တစ်ဖန်မှတ်တမ်းတင် ဂုဏ်ပြုလိုက်တဲ့ပွဲလို့လည်း ဆိုနိုင်ပါတယ်။

**လေးစားအသိအမှတ်ပြု**

ကျွန်မအနေနဲ့ ရုပ်ရှင်ပညာကိုရော၊ သရုပ်ဆောင်နေကြတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေကိုရော၊ ရိုက်ကွင်းရဲ့နောက်ကွယ်က အတတ်ပညာရှင်တွေကိုရော တန်ဖိုးထားပါတယ်။ ရုပ်ရှင်အပါအဝင် အနုပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းတိုင်းမှာ အမြဲတီထွင်ဆန်းသစ်နေမှသာ အများစိတ်ဝင်စားမှု အားပေးထောက်ခံမှုတွေရနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာ့ရုပ်ရှင်လောကသားများအနေနဲ့ ရုပ်ရှင်ဇာတ်ကားကောင်းတွေ ပေါ်ထွက်နိုင်ဖို့ ဆန်းသစ်တီထွင် ကြိုးပမ်းကြသလို ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးဆန်းသစ်စွာနဲ့ ကြီးကျယ်ခမ်းနားအောင် စီစဉ်ဆောင်ရွက်ကြနိုင်မယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် ဒီနှစ်မှာ ထူးချွန်ဆု တစ်ခုချင်းစီတွေအတွက် မြန်မာ့ရုပ်ရှင်လောကရဲ့ ဝါရင့် သက်ရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးတွေက အချိန်ယူပြီး အသေးစိတ်စစ်ဆေး စိစစ်ရွေးချယ်မှုတွေ ပြုလုပ်ခဲ့ကြကြောင်း သိရှိရတဲ့အတွက် သူတို့ရဲ့စိတ်စေတနာနဲ့ ကြိုးပမ်း အားထုတ်မှုများကိုလည်း လေးစားအသိအမှတ်ပြုမိကြောင်း ပြောကြားလိုပါတယ်။

ကျွန်မအနေနဲ့ မြန်မာနိုင်ငံကြီးကို သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုမျိုးဖြစ်စေချင်ပါတယ်။ အခုအချိန်မှာတော့ ကမ္ဘာပေါ်က ဘယ်နိုင်ငံကိုပဲကြည့်ကြည့် စိန်ခေါ်မှုတွေ ပြည့်နှက်နေတာ တွေ့ရမှာဖြစ်သလို ကျွန်မတို့နိုင်ငံမှာလည်း ဘက်ပေါင်းစုံက စိန်ခေါ်မှုတွေ ရှိနေဆဲပဲဖြစ်ပါတယ်။

**အကျိုးဖြစ်ထွန်းစေချင်**

ကျွန်မတို့နိုင်ငံကို ငြိမ်းချမ်းအောင်၊ ညီညွတ်အောင်၊ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်တဲ့နေရာမှာ အနုပညာဖန်တီးမှုများကလည်း ရှိနေတဲ့ သိမ်မွေ့တဲ့ စွမ်းအားကို အကျိုးရှိရှိ ဘယ်လိုအသုံးချနိုင်မလဲဆိုတာ စဉ်းစားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ရုပ်ရှင်များက ပေးတဲ့ ဩဇာဟာလူအများရဲ့ စိတ်နှလုံးကို အများကြီးလွှမ်းမိုးနိုင်ပါတယ်။ ဒါဟာ ကျွန်မ ပြောလေ့ရှိတဲ့ Soft Power ပါပဲ။ အဲဒီလို သိမ်မွေ့တဲ့ စွမ်းအားကို မှန်မှန်ကန်ကန်အသုံးချပြီးတော့ ကျွန်မတို့နိုင်ငံအတွက်သာမကဘဲ တစ်ကမ္ဘာလုံးအတွက်ပါ အကျိုးဖြစ်ထွန်းစေချင်ပါတယ်။

**အကူအညီတွေပေးဖို့လိုအပ်**

နေ့စဉ်နဲ့အမျှ ပြောင်းလဲတိုးတက်နေတဲ့ ကမ္ဘာကြီးနဲ့အတူ ကျွန်မတို့ အနုပညာရှင်တွေရဲ့ ဖန်တီးမှုတွေလည်း ပြောင်းလဲယုံသာမက တိုးတက်စေချင်ပါတယ်။ ဒ့ါကြောင့်လည်း မနှစ်က ရုပ်ရှင်အနုပညာရှင်များနဲ့ တွေ့ဆုံချိန်မှာ နေပြည်တော်ကို ရုပ်ရှင်မြို့တော်အဖြစ် တည်ဆောက်လိုတဲ့အကြောင်းကို ပြောပြခဲ့ပါတယ်။ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် ရုပ်ရှင်လောကသားများရဲ့ ကြိုးပမ်းအားထုတ်မှုများအပြင် နိုင်ငံတော်ကလည်း ထိရောက်တဲ့အကူအညီတွေ ပေးဖို့လိုအပ်တယ်ဆိုတာ နားလည်မိပါတယ်။ မချမ်းသာသေးတဲ့အချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ငွေကြေးအရ ပံ့ပိုးမှုဟာ အတိုင်းအတာတစ်ခုအထိပဲ ရှိနိုင်မှာဖြစ်ပါတယ်။ သို့သော် ယခင်က ရိုက်ကူးဖို့ အခက်အခဲရှိခဲ့တဲ့ကဏ္ဍများမှာ သက်သာလွယ်ကူစေဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အားတက်သရော ကူညီဆောင်ရွက်ပေးနေကြပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ရေရှည်မှာ အကျိုးအမြတ်ကြီးကြီးမားမား ရရှိလာနိုင်မှာဖြစ်တဲ့ ရုပ်ရှင်လုပ်ငန်းထဲကို ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး ကိုလည်း တစ်ဖက်တစ်လမ်း ကပ့ံပိုး ပေးကြဖို့ ဒီနေရာကနေ အထူးမေတ္တာ ရပ်ခံလိုပါတယ်။

လက်ရှိအချိန်အခါမှာ ရုပ်ရှင်လောကသားများအနေနဲ့ မြန်မာ့ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ အဘက်ဘက်က ကြိုးစားကြံဆနေကြတာကို ကြားသိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ အနုပညာရှင်တွေရဲ့ အနုပညာစွမ်းအား၊ စိတ်ဓာတ်ခွန်အားတွေနဲ့ ခေတ်အဆက်ဆက်မှာ နိုင်ငံအတွက် ကြိုးစားပေးခဲ့ကြတာကိုလည်း အသိအမှတ်ပြုပါတယ်။ ကျွန်မတို့နိုင်ငံကြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိလာဖို့အတွက် စွမ်းဆောင်ပေးခဲ့ကြတာကို ကျေးဇူးတင်ရှိကြောင်း အခါအခွင့်သင့်တိုင်း ပြောကြားခဲ့သလို ဒီနေ့မှာလည်း ထပ်လောင်းပြီး ပြောပါရစေ။

**အောင်မြင်မှုတွေ ပြန်လည်ရရှိလာ**

၁၉၂၀ ပြည့်နှစ်ကစတင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်သမိုင်းဟာ လာမယ့် ၂၀၂၀ ပြည့်နှစ်ဆိုရင် နှစ်တစ်ရာသက်တမ်းကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ခေတ်တွေစနစ်တွေ မြောက်မြားစွာကို ဖြတ်သန်းလာခဲ့ကြရတဲ့ ရုပ်ရှင်အနုပညာလောကသားတွေအနေနဲ့လည်း အတွေ့အကြုံတွေ၊ သင်ခန်းစာတွေ များစွာတွေ့ကြုံခဲ့ကြပြီး ဖြစ်ပါတယ်။ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်များရဲ့ အားထုတ်ကြိုးပမ်းမှုနဲ့ ဒီနေ့ ရုပ်ရှင်လောကဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုတွေ ပြန်လည်ရရှိလာတာကို တွေ့ရမှာဖြစ်ပါတယ်။ မနှစ်ကစတင်ပြီး ရုပ်ရှင်အနုပညာနဲ့ ပြည်သူကို နှစ်ပေါင်းများစွာ အလုပ်အကျွေးပြုခဲ့တဲ့ သက်ကြီးရုပ်ရှင် အနုပညာသည်တွေအတွက် "ရုပ်ရှင် တစ်သက်တာ ထူးချွန်ဆု" အဖြစ် ဂုဏ်ပြုချီးမြှင့်ပေးခဲ့တာကလည်း ကောင်းမွန်တဲ့ အစဉ်အလာတစ်ခု ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရဲ့ ဂုဏ်ကိုပိုမိုမြင့်မားစေခဲ့တယ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။

**အခွင့်အလမ်းတွေ ပိုပြီးရရှိလာ**

ဒီနေ့ကျင်းပမယ့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီချီးမြှင့်ပွဲအတွက် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသနိုင်တဲ့ ဇာတ်ကား ၈၃ ကားပေါ်မှာ ကြည့်ရှုအကဲဖြတ်ခဲ့တယ်လို့ သိရှိရပါတယ်။ ယမန်နှစ်ကဆိုရင် ရုပ်ရှင်ကားအရေအတွက် ၁၅၉ ကားအထိ ထုတ်လုပ်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေ ပိုမိုထုတ်လုပ်လာနိုင်သလို တစ်ဖက်က အဆင့်မီရုပ်ရှင်ရုံတွေလည်း တိုးပွားပြသလာနိုင်တာကို တွေ့ရပါတယ်။ ကျွန်မသိရသလောက် ဒီနေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ Digital စနစ်နဲ့ ပြသနိုင်တဲ့ အဆင့်မြင့်ရုပ်ရှင်ရုံ ၁၂၆ ရုံရှိပြီး ရုပ်ရှင်ပိတ်ကား ၁၄၅ ခုအထိ တိုးပွားလာပြီဖြစ်တဲ့အတွက် ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့လည်း ယခင်ကထက် ရုပ်ရှင်ကြည့်နိုင်တဲ့ အခွင့်အလမ်းတွေ ပိုပြီးရရှိလာပြီ ဖြစ်ပါတယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို ရုပ်ရှင်ဇာတ်ကားတွေ များများထွက်ရှိလာတာနဲ့အမျှ ရုပ်ရှင်ရုံလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေ တိုးပွားလာမှာဖြစ်လို့ ခေတ်မီရုပ်ရှင်ရုံတွေလည်း နိုင်ငံတစ်ဝန်းမှာ အများအပြား ပေါ်ပေါက်လာမှာပဲဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရ အနေနဲ့လည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ စတူဒီယိုတွေ၊ ရိုက်ကွင်းနေရာတွေ ဖန်တီးပေးနိုင်ဖို့ တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**အခွင့်အရေးတွေ အများကြီးရှိ**

ဒီနေရာမှာ ရုပ်ရှင်လောကသားတွေအနေနဲ့လည်း လက်ရှိရောက်နေတဲ့နေရာမှာတင် တင်းတိမ်ကျေနပ်မနေဘဲ နိုင်ငံတကာရုပ်ရှင်တွေနဲ့ အဆင့်အတန်းမီအောင် ရည်မှန်းချက်ထားပြီး လတ်တလောကာလမှာ ဒေသတွင်းရှိ ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံများလိုဖြစ်လာအောင် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။ ရုပ်ရှင်အပါအဝင် ဖျော်ဖြေရေးလုပ်ငန်းတွေကနေတစ်ဆင့် ကျွန်မတို့ ပြည်ထောင်စု နိုင်ငံသားတွေရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ စိတ်နေစိတ်ထား၊ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေကို ကမ္ဘာကသိအောင် နားလည်စာနာအောင်လုပ်နိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိနေတယ်ဆိုတာ မှတ်ယူထားစေချင်ပါတယ်။ ကျွန်မတို့အာရှမှာ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယရုပ်ရှင်ဇာတ်ကားတွေဟာ ကျွန်မတို့အာရှမှာ

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငါးထပ်ကွမ်းရုပ်ရှင်ထူးချွန်ဆုရ စည်သူ ဒေါ်မြင့်မြင့်ခင်အား ရုပ်ရှင်တစ်သက်တာဆု ပေးအပ်ချီးမြှင့်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယရုပ်ရှင်ဇာတ်ကားတွေဟာ မိမိတို့ရဲ့ယဉ်ကျေးမှုသမိုင်းတန်ဖိုးတွေနဲ့ တံဆိပ်ခတ်ထားပြီး ကမ္ဘာမှာ ထင်ရှားကျော်ကြားနေပါတယ်။ ကျွန်မတို့အနေနဲ့လည်း ကိုယ့်နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တွေ၊ အနုပညာအမွေအနှစ်တွေကို တစ်မူထူးခြားတဲ့ရှုထောင့်ကဖော်ထုတ်ပြနိုင်ပြီး ကမ္ဘာကစိတ်ဝင်စားအလေးထားတဲ့ ရုပ်ရှင်ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ဆောက်စေချင်ပါတယ်။ သူတို့လို ရုပ်ရှင်များကတစ်ဆင့် ဖော်ထုတ်ပြသနိုင်မယ်ဆိုရင် နောင်မျိုးဆက်တွေအထိ ဂုဏ်ယူရမယ့်မှတ်တိုင်တွေအဖြစ် မော်ကွန်းတင်နိုင်မှာပဲ ဖြစ်ပါတယ်။

**ဂုဏ်ယူတန်ဖိုးထား**

ကမ္ဘာတစ်ဝန်းမှာရုပ်ရှင်ကို စွဲလမ်းနှစ်သက်ကြပြီး ရုပ်ရှင်သရုပ်ဆောင်များကိုလည်း ချစ်ခင်လေးစားအရေးထားတတ်ကြပါတယ်။ အထူးသဖြင့် လူငယ်များအဖို့ အားကျအတုယူဖွယ်ရာ စံနမူနာပုဂ္ဂိုလ်များအဖြစ်လည်း မှတ်ယူတတ်ကြပါတယ်။ ဒါကြောင့်မို့လို့ ရုပ်ရှင်သရုပ်ဆောင်များအနေနဲ့လည်း ကိုယ့်ပရိသတ်ပြည်သူများရဲ့ စံနမူနာပြဖြစ်အောင် ကောင်းမွန်တဲ့ ကိုယ်ကျင့်တရား၊ ကြိုးစားတဲ့စိတ်၊ ရိုးသားတဲ့စိတ်၊ နိုင်ငံနဲ့လူမျိုးကို ချစ်မြတ်နိုး တန်ဖိုးထားတဲ့စိတ်တွေနဲ့ ဦးဆောင်လမ်းပြသူများအဖြစ် ဂုဏ်ယူတန်ဖိုးထားတတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**တစ်ဖက်တစ်လမ်းကနေပါဝင်**

ဒီလိုတန်ဖိုးထားမှုတွေကို ရှေးရိုးဆန်တယ်လို့ ယူဆသူများပြားလာတဲ့ ပစ္စုပ္ပန်ကာလမှာ တီထွင်စွမ်းအားနဲ့ ပြန်လည်သစ်ဆန်းခေတ်မီအောင် ကြိုးစားပေးစေချင်ပါတယ်။ တစ်ဖက်ကလည်း ကိုယ့်ရဲ့ပရိသတ်ဖြစ်တဲ့ ပြည်သူတွေအားလုံး လိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ ကဏ္ဍတွေမှာ ကိုယ်တတ်ကျွမ်းရာ အနုပညာအစွမ်းနဲ့ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင်ရွက်ပေးစေလိုပါတယ်။ ရုပ်ရှင်လောကရဲ့ ပရဟိတအင်အားတွေကို ဖော်ထုတ်ပြပေးစေချင်ပါတယ်။

**နှစ်ထောင်းအားရမိ**

ဒီနှစ်မှာ ထူးခြားမှုတစ်ခုအနေနဲ့ ဟောင်ကောင်အခြေစိုက် Shaw Brothers Pictures International Ltd. မှ Line Walker (Operation Midnight Shadow) ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းအချို့ကို မြန်မာနိုင်ငံမှာ လာရောက်ရိုက်ကူးသွားခဲ့တာကြောင့် ကိုယ့်နိုင်ငံရဲ့ အေးချမ်းသာယာတဲ့ ပုံရိပ်ကောင်းတွေ၊ ဖော်ရွေရိုင်းပင်းတဲ့ မြန်မာ့ဓလေ့စရိုက်တွေ၊ ဂုဏ်ယူဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုတွေကို ဒီရုပ်ရှင်ကနေ တစ်ဆင့် ကမ္ဘာကို သိရှိစေနိုင်တဲ့အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် မှတ်ယူရမှာ ဖြစ်ပါတယ်။ ဒီလိုရိုက်ကူးနိုင်ဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းများအပြင် ရိုက်ကူးရေးမှာ အဓိကကျတဲ့ ပြည်သူတွေကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး ကူညီခဲ့ကြတယ်လို့ သိရှိရတဲ့အတွက် နှစ်ထောင်းအားရမိပါတယ်။

**စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာ**

အခုဆိုရင် ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွင်း နေပြည်တော်မှာ ရုပ်ရှင်ဇာတ်ကားသုံးကား၊ ဇာတ်လမ်းတွဲသုံးတွဲနှင့် ဇာတ်လမ်းတိုတစ်ခုကို လာရောက်ရိုက်ကူးခဲ့ကြတယ်လို့ သိရပါတယ်။ နေပြည်တော်ဟာ ဖျော်ဖြေရေးနဲ့ ပတ်သက်တဲ့မြို့တော်တစ်ခုအသွင် စတင်လာပြီဆိုတဲ့အသိနဲ့ အလွန်ပဲ ဝမ်းသာမိပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနဲ့ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများရဲ့ ရုပ်ရှင်ကဏ္ဍအပေါ် စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာတာနဲ့အမျှ ကျွန်မတို့ မျှော်လင့်ခဲ့တဲ့ နေပြည်တော်မှာ ရုပ်ရှင်မြို့တော် တည်ဆောက်ရေးဆိုတဲ့ အတွေးဟာ လက်တွေ့ဖြစ်လာနိုင်တဲ့ အခြေအနေကို ပုံဖော်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီနေ့ကျင်းပတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အခါသမယမှာ ကျွန်မတို့ရုပ်ရှင်လောက တိုးတက်ပါစေ၊ အောင်မြင်ပါစေ၊ နိုင်ငံနဲ့ လူမျိုးအကျိုးကို ကိုယ်တတ်စွမ်းရာ ပညာနဲ့ ကျရာကဏ္ဍကနေ သယ်ပိုးရင်း ပြည်သူကချစ်တဲ့ အနုပညာရှင်တွေ၊ ပြည်သူကိုချစ်တဲ့ အနုပညာရှင်တွေအဖြစ် မားမားမတ်မတ်ရပ်တည်ရင်း မြန်မာ့ရုပ်ရှင်ဂုဏ်သတင်းဟာ ရာစုနှစ်ပေါင်းများစွာ မွှေးပျံ့သင်းကြိုင် တည်တံ့ခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ် ဟု ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ယနေ့သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၈၃ ကားထဲမှ အထူးခြားဆုံး ရုပ်ရှင်၊ အထူးချွန်ဆုံး သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များ၊ အပြောင်မြောက်ဆုံး ဖန်တီးခဲ့သည့် အတတ်ပညာရှင်များနှင့် အကောင်းဆုံး စီစဉ်ထုတ်လုပ်သူများကို ဂုဏ်ပြုချီးမြှင့်မည့် အခမ်းအနားဖြစ်ပါကြောင်း။

**ဆန်းသစ်အောင် ဆောင်ရွက်လာ**

ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ခြင်းကို ၂၀၁၃ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်လာခဲ့ရာတွင် တစ်နှစ်ထက် တစ်နှစ် ပိုပြီးခမ်းနားအောင်၊ ထူးခြားဆန်းသစ်အောင် ဆောင်ရွက်လာသည်ကို တွေ့ရပါကြောင်း၊ ယခုနှစ်တွင် အဓိကထူးခြားချက်အနေဖြင့် ဆုရွေးချယ်ရေးအဖွဲ့က အဘက်ဘက်မှ ပြည့်စုံကောင်းမွန်အောင် ဖွဲ့စည်းပြင်ဆင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ရုပ်ရှင်လောက၏ သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ အနုပညာရှင်ကြီးများကိုယ်တိုင် အသက်အရွယ်ကြီးရင့်သည့်ကြားထဲမှ အပင်ပန်းခံပြီး စနစ်တကျ အဆင့်ဆင့် စိစစ်ရွေးချယ်သည့်တာဝန်များကို ဆောင်ရွက်ခဲ့သည်ကို သိရသည့်အတွက် အနုပညာရှင်ကြီးများ၏ စိတ်စေတနာနှင့် ကြိုးပမ်းအားထုတ်မှုများကို အထူးလေးစားချီးကျူးဂုဏ်ပြုပါသည်ဟု ပြောကြားလိုပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှု အစပြု**

ရုပ်ရှင်လောကသားများ စုံညီစွာ တက်ရောက်ကြသည့် ယနေ့အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်နှင့်စပ်လျဉ်းပြီး မိမိ၏ ရှုမြင်ချက်တစ်ရပ်ကို အနည်းငယ်တင်ပြလိုပါကြောင်း၊ ယနေ့အချိန်သည် မြန်မာ့ရုပ်ရှင်လောကတွင် သိသာထင်ရှားသော အပြောင်းအလဲများ စတင်ဖြစ်ပေါ်ချိန်ဖြစ်သည်ဟု ရှုမြင်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မှု အစပြုသည့် လက္ခဏာများ မြင်တွေ့နေရခြင်းကို အကြောင်းပြုပြီး ယခုစကားကို ပြောခြင်းဖြစ်ပါကြောင်း။

ပရိသတ်များအနေဖြင့် စဉ်းစားကြည့်စေလိုပါကြောင်း၊ မကြာသေးခင်နှစ်များအတွင်းက မြန်မာ့ရုပ်ရှင်လောကတွင် ရုပ်ရှင်အရည်အသွေးနှင့်ပတ်သက်ပြီး အားမရနိုင်၊ မနှစ်သက်နိုင်၍ ဝေဖန်သည့်အသံများ၊ ထောက်ပြသည့်အသံများ ဆူညံနေပါကြောင်း၊ အညံ့စားကားများ ဆက်ပြီးမရိုက်ကြရန်နှင့် ထုတ်မနေကြရန်ဆိုပြီး ကန့်ကွက်သံ၊ ပြစ်တင်သည့်အသံများ မပြတ်ကြားခဲ့ရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်

**တစ်ကားပြီးတစ်ကား ပေါ်ထွက်**

သို့သော် ယနေ့ ဆုရွေးချယ်ချီးမြှင့်မည့်ဇာတ်ကားများ ပြသခဲ့သည့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ရုပ်ရှင်ကြည့်ပရိသတ်များအကြား ရေပန်းစားသွားသည့် ရုပ်ရှင်ဇာတ်ကားကောင်းများ တစ်ကားပြီးတစ်ကား ပေါ်ထွက်လာသည်ကို တွေ့ရပါကြောင်း။

ယင်းမှာ ရုပ်ရှင်အရည်အသွေး ကောင်းမွန်ရန်၊ မြင့်မားရန်အတွက် အပြိုင်အဆိုင် ကြိုးပမ်းလာကြသည် ဆိုသည့် လက္ခဏာဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ရုပ်ရှင်ဇာတ်ကားများ လူကြိုက်များသည့်အတွက် ဝင်ငွေစံချိန်ချိုးသွားပြီဆိုသည့် အသံများကိုလည်း ကြားရပါကြောင်း၊ တစ်ဆက်တည်းတွင် ဇာတ်ကားကောင်းပါက ဝင်ငွေကောင်းသည်ဆိုသည့်အချက်က ထင်ရှားလာသည့်အတွက်ကြောင့် ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ငွေကြေးများများ စိုက်ထုတ်လုပ်ကိုင်လာကြသည်ကို ကြားသိလာရပါကြောင်း၊ အင်မတန်ကောင်းသည့် လက္ခဏာများ ဖြစ်ပါကြောင်း။

**တစ်နေ့တခြားတိုးတက်လာ**

နောက်တစ်ခုမှာ ရုပ်ရှင်ရုံများနှင့် ပတ်သက်သည့်အပိုင်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်များက ရုပ်ရှင်ရုံမလုံလောက်သည့်ပြဿနာကို ကြီးကြီးမားမား ကြားသိရပါကြောင်း၊ ယင်းပြဿနာသည် ဖြေရှင်းရခက်သည့် ပြဿနာတစ်ရပ်ဖြစ်နေခဲ့ပါကြောင်း၊ ယနေ့အချိန်အထိလည်း လုံလောက်သည့်အနေအထားအထိ မရောက်သေးပါကြောင်း၊ သို့သော် ရုပ်ရှင်ရုံလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းဖြစ်သည်ဆိုသည်ကို သိမြင်သူများ တိုးပွားလာသည့်အလျောက် ရုပ်ရှင်ရုံလုပ်ငန်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာကြပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ရုံအရေအတွက်သည် တစ်နေ့တခြား တိုးတက်လာနေပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်က ရုပ်ရှင်ဇာတ်ကား ၃၃ ကား ရုံတင်နိုင်ခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ၈၃ ကားအထိ ရုံတင်လာနိုင်ပါကြောင်း၊ ရုပ်ရှင်ရုံအရေအတွက်၊ ရုပ်ရှင်ပိတ်ကားအရေအတွက် ၁၄၆ ခု အထိ ရှိလာပြီး တစ်ချိန်တည်းတွင် နောက်ထပ်အသစ်အသစ် တိုးတက်လာမှုများလည်း ရှိနေပါကြောင်း၊ လာမည့် နှစ်လ၊ သုံးလအတွင်းတွင် နောက်ထပ်ဖွင့်လှစ်မည့် ရုပ်ရှင်ရုံ ၂၀ ခန့် ရှိမည်ဟု သိရှိရပါကြောင်း၊ ယခုနှုန်းအတိုင်း တိုးတက်သွားမည်ဆိုပါက ထွက်ပေါ်လာမည့်ရုပ်ရှင်ကားအရေအတွက်နှင့် ရုပ်ရှင်ရုံများ၏ အရေအတွက်သည် မျှတသွားမည့် အနေအထားကို ရောက်ရှိလိမ့်မည်ဟု မြင်ပါကြောင်း။

ယင်းမှာ မြန်မာ့ရုပ်ရှင်လောကတွင် ရုပ်ရှင်ပညာသည်များဘက်က အနုပညာအတတ်ပညာပိုင်းဆိုင်ရာတွင် အားထုတ်လာသည့်အပိုင်းနှင့် ရုပ်ရှင်တွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းသမားများ၏အပိုင်းကလည်း တိုးတက်ပြီး ရင်းနှီးမြှုပ်နှံလာသည့် အပိုင်း နှစ်ပိုင်း ချိတ်ဆက်မိလာသည့်အနေအထား ဖြစ်ပါကြောင်း၊ ယင်းမှ ဆက်လက်ပြီး ရုပ်ရှင်လုပ်ငန်း ကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည့်ဆီသို့ ဦးတည်ရွေ့ရှားလာနေသည်ကို မြင်ရပါကြောင်း။

*စာမျက်နှာ ၅ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာ ရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။
သတင်းစဉ်

**❑ ရုပ်ရှင်လောကသားတွေအနေနဲ့လည်း လက်ရှိရောက်နေတဲ့နေရာမှာတင် တင်းတိမ်ကျေနပ်မနေဘဲ နိုင်ငံတကာရုပ်ရှင်တွေနဲ့ အဆင့်အတန်းမီအောင် ရည်မှန်းချက်ထားပြီး လတ်တလောကာလမှာ ဒေသတွင်းရှိ ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံများလိုဖြစ်လာအောင် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။**

**❑ ရုပ်ရှင်အပါအဝင် ဖျော်ဖြေရေးလုပ်ငန်းတွေကနေတစ်ဆင့် ကျွန်မတို့ ပြည်ထောင်စုနိုင်ငံသားတွေရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ စိတ်နေစိတ်ထား၊ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေကို ကမ္ဘာကသိအောင် နားလည်စာနာအောင်လုပ်နိုင်တဲ့အခွင့်အရေးတွေ အများကြီးရှိနေတယ်ဆိုတာ မှတ်ယူထားစေချင်ပါတယ်။**

*စာမျက်နှာ ၄ မှ*

မြန်မာ့ရုပ်ရှင်သည် လာမည့်နှစ်တွင် သက်တမ်းနှစ် ၁၀၀ ပြည့်တော့မည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်သည် ကမ္ဘာတွင် ရုပ်ရှင်ပေါ်ထွန်းစ ခေတ်ဦးပိုင်းကာလကတည်းက ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် အသံတိတ်ရုပ်ရှင်၊ အသံတိတ်မှ အသံထွက်၊ အဖြူအမည်းမှ ဆေးရောင်စုံ စသည်ဖြင့် ပြောင်းလဲလာသည့် ကာလတစ်လျှောက်တွင် မိမိတို့နိုင်ငံတွင်လည်း ရုပ်ရှင်သည် ထိုသို့ပြောင်းလဲပြီး တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ကို ပြည်တွင်းပရိသတ်သာမက နိုင်ငံတကာကပါ ယခင်ကတည်းက ကြည့်ရှုခဲ့ကြပါကြောင်း၊ မိမိသိရသည့် စာရင်းတစ်ခုအရ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် မြန်မာရုပ်ရှင်ကား ၂၀ နီးပါးကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါကြောင်း၊ ဂျပန် - ထိုင်း - အိန္ဒိယ စသည့်နိုင်ငံများသို့ မြန်မာ့ရုပ်ရှင်ကားများကို တင်ပို့ပြသနိုင်ခဲ့သည်ကို သိရပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် မြန်မာဇာတ်ကားများကို ၎င်းတို့ဘာသာဖြင့် စာတမ်းထိုးပြသခဲ့ပါကြောင်း၊ စစ်ပြီးခေတ်တွင် မြန်မာရုပ်ရှင်ကားများ တရုတ်၊ ဆိုဗီယက် စသည့်နိုင်ငံများကို တင်ပို့ပြသနိုင်ခဲ့သည်ကို အားလုံးသိရှိပါကြောင်း၊ ယင်းမှာ မိမိတို့ မြန်မာ့ရုပ်ရှင်သည် အစောပိုင်းကာလများတွင် နိုင်ငံတကာကို ဝင်ဆံ့နိုင်ခဲ့သည်ကို သိရပါကြောင်း။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း။

**တီထွင်ဆန်းသစ်လိုသူများ ယခင်ကတည်းက ရှိနေ**

မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာနှင့် အထူးသဖြင့် အနီးဝန်းကျင်တွင် ဝင်ဆံ့နိုင်ရန်အတွက် မိမိတို့ ရုပ်ရှင်နယ်ပယ်ထဲတွင် စွမ်းဆောင်ရည်မြင့်မားသော အတတ်ပညာရှင်၊ အနုပညာရှင်များရှိသကဲ့သို့ ရုပ်ရှင်လုပ်ငန်းထဲတွင် ရင်းနှီးမြှုပ်နှံလိုသူများ၊ တီထွင်ဆန်းသစ်လိုသူများသည် ယခင်ကတည်းက ရှိနေသည်ကို တင်ပြခြင်း ဖြစ်ပါကြောင်း။

တစ်ခေတ်တစ်ခါက နိုင်ငံတကာတွင် ဝင်ဆံ့ခဲ့ရာမှ ကာလတစ်ခုတွင် ရုပ်ရှင်သည် အကြောင်းကြောင်းကြောင့် ယိုယွင်းကျဆင်းခဲ့သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

**ပြည်ပကို တင်ပို့လာနိုင်**

ထိုသို့ ယိုယွင်းကျဆင်းသည့် အနေအထားမှ ယနေ့ကာလတွင် မြန်မာဇာတ်ကားကောင်းများ ပေါ်ထွက်လာပြီး ယင်းဇာတ်ကားများသည် ပြည်တွင်းသာမက ပြည်ပကို တင်ပို့လာနိုင်ပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည့် ဇာတ်ကားများထဲမှ ၁၀ ကားသည် အိမ်နီးချင်းတိုင်းပြည်များသို့ တင်ပို့ပြသနိုင်ခဲ့သည့် အနေအထားများအပေါ်မူတည်ပြီး မြန်မာ့ရုပ်ရှင်သည် ပြန်လည်ဆန်းသစ်စပြုကာ ရှေ့ဆက်၍ ဖွံ့ဖြိုးတိုးတက်မည့် လက္ခဏာများ ပြသနေပြီဟု ဆိုလိုခြင်း ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကား ထူးချွန်ဆုရ ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေးအား ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အဓိက စွမ်းဆောင်နိုင်သူများသည် မြန်မာ့ရုပ်ရှင်လောကသားများ ဖြစ်ပါကြောင်း။

**စိတ်အားထက်သန်လျက်ရှိ**

တစ်ဖက်တွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်လောကသားများ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်နေရာတွင် ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးရန် စိတ်အားထက်သန်လျက်ရှိသည်ကို တင်ပြလိုကြောင်း။

**အစွမ်းကုန်ပါဝင်ကူညီ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ရုပ်ရှင်အနုပညာ၊ အတတ်ပညာရပ်များကို နှစ်သက်တန်ဖိုးထားသကဲ့သို့ ရုပ်ရှင်လောကသားများနှင့် ရင်းနှီးခင်မင်သည်ကို ရုပ်ရှင်လောကသားများ အသိဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းနှင့် သက်ဆိုင်သော ပြန်ကြားရေးဝန်ကြီးဌာနကိုလည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ပါဝင် ကူညီဆောင်ရွက်ရန် တိုက်တွန်းလမ်းညွှန် လျက်ရှိပါကြောင်း။

ယင်းလမ်းညွှန်ချက်များနှင့်အညီ မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်နေသည်များကို အသေးစိတ်အစီရင်ခံတင်ပြခြင်းမပြုဘဲ ရုပ်ရှင်လောကသားများကို အသိပေးလိုသည့် အချက်နှစ်ခုကို တင်ပြချင်ပါကြောင်း။

**ပြုပြင်မှုများဆောင်ရွက်လျက်ရှိ**

ပထမတစ်ခုမှာ ရန်ကုန်မြို့လယ်ဗဟန်းမြို့နယ်ရှိ ရုပ်ရှင်မြှင့်တင်ရေးခြံဖြစ်ပါကြောင်း၊ ယင်းခြံသည် ယခင်က ရုပ်ရှင်လောကသားများအတွက် အကျိုးရှိစွာ အသုံးပြုခဲ့သော နေရာတစ်ခုဖြစ်ခဲ့ပြီး နာဂစ်အပါအဝင် သဘာဝဘေးရန်များနှင့် အခြားသောအကြောင်းကြောင်းများကြောင့် ကာလရှည်ကြာ ပျက်စီးယိုယွင်းခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ ရုပ်ရှင်ခြံကို ပြုပြင်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ ရုပ်ရှင်စတူဒီယို (၁)၊ (၂)၊ (၃) စသည့် အဆောက်အဦများကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ယခုအခါ ရိုက်ကူးရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်၍ ပြည့်ပြည့်ဝဝ အသုံးပြုသွားကြရန် ဖိတ်ခေါ်ပါကြောင်း။

**ပညာမျှဝေရာနေရာတစ်ခုအဖြစ် ဖန်တီးပေးထားခြင်းဖြစ်**

ထို့ပြင် ရုပ်ရှင်ခြံကို ရုပ်ရှင်မြှင့်တင်ရေးစင်တာအဖြစ် ခင်းကျင်းပြင်ဆင်ပြီး ရုပ်ရှင်နှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ ရုပ်ရှင်သုံးသပ်ပွဲ၊ ရုပ်ရှင်ဆိုင်ရာ စာနယ်ဇင်းမိတ်ဆက်ပွဲ၊ ရုပ်ရှင်ပညာသင်တန်း စသည်တို့ကို အသုံးပြုလျက်ရှိပါကြောင်း၊ ယင်းနေရာကို မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များ လွတ်လပ်စွာနှီးနှောဖလှယ်ရာနေရာ၊ အချင်းချင်းအကြား ပညာမျှဝေရာနေရာတစ်ခုအဖြစ် ဖန်တီးပေးထားခြင်းဖြစ်သည့်အတွက် ယခုနေရာကို ထိထိရောက်ရောက် အသုံးပြုကြရန် ဖိတ်ခေါ်ပါကြောင်း။

**ပြောဆိုဝေဖန်ခဲ့ကြ**

ဒုတိယတစ်ခုမှာ ရုပ်ရှင်ရိုက်ကူးရေးတွင် ကြုံတွေ့နေကြရသည့် အခက်အခဲ၊ အတားအဆီးများကို အစဉ်တစိုက် ရုပ်ရှင်လောကသားများက ပြောဆိုဝေဖန်ခဲ့ကြပါကြောင်း၊ အဆိုပါ အတားအဆီး၊ အခက်အခဲများကို တတ်နိုင်သမျှ အဆင်အပြေဆုံးဖြစ်အောင် သက်ဆိုင်ရာနေရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး အဆင်အပြေဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ဥပမာ - နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးလိုသူများအတွက် လုပ်ငန်းအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ယင်းအဖွဲ့ကို ဆက်သွယ်ပြီး အကူအညီတောင်းပါက နေပြည်တော်တွင် ရိုက်ကူးရေးလုပ်ငန်းများ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းတွင် ပါဝင်သည့် ဟောင်ကောင်မှ ရှောဘရားသားစ်ကုမ္ပဏီက ရုပ်ရှင်လာရောက်ရိုက်ကူးခဲ့သည်ကို အများအသိပင်ဖြစ်ပါကြောင်း၊ ယင်းရုပ်ရှင်ကို ရန်ကုန်မြို့လယ်တွင် လာရောက် ရိုက်ကူးခြင်းဖြစ်ပါကြောင်း၊

*စာမျက်နှာ ၆ သို့*



အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ဆောင်ထူးချွန်ဆုရ သူထူးစံ ဆုလက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးရုပ်ရှင်ဇာတ်ဆောင်ထူးချွန်ဆုရ ဇွဲဇွဲ ဆုလက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆုရ ကျော်ကျော်ပို ဆုလက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆုရ အေးမြတ်သူ ဆုလက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာထူးချွန်ဆုရ ဩရသ ဆုလက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းထူးချွန်ဆုရ ဝိုင်း ဆုလက်ခံရယူစဉ်။

*စာမျက်နှာ ၅ မှ*

တစ်ချိန်တစ်ခါက ရိုက်ကူးမှု အင်မတန်ခက်ခဲသည်ကို ရိုက်ကူးဖြစ်အောင် ဝိုင်းဝန်းညှိနှိုင်း ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ရုပ်ရှင်ရိုက်ကူးရေးတွင် အခက်အခဲ၊ အဟန့်အတားဖြစ်နေသည်များကို အဆင်ပြေချောမွေ့အောင် မည်သည့်အတိုင်းအတာအထိ ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ရိုက်ကူးရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းသည် နိုင်ငံခြားကုမ္ပဏီဖြစ်၍ ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ ပေါ်ထွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည့် မြန်မာ့ရုပ်ရှင်သမားများ၏ ရိုက်ကူးရေး အစီအစဉ်များကိုလည်း ထိရောက်စွာ ညှိနှိုင်းကူညီ ဆောင်ရွက်ပေးရန် အဆင်သင့်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

**ဆက်လက်ကြိုးစားအားထုတ်**

ယနေ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် ၂၀၁၈ ခုနှစ် ရုပ်ရှင်အနုပညာဖန်တီးမှုများအတွက် အသင့်တော်ဆုံး၊ အထိုက်တန်ဆုံး၊ အနုပညာရှင် အတတ်ပညာရှင်များနှင့် ထုတ်လုပ်သူများ ဆုရရှိကြပါစေ၊ ဆုရရှိသူများ ကိုယ်တိုင်နှင့် ၎င်းတို့ကို နှစ်သက်အားပေးသူများ ပျော်ရွှင်ကြပါစေ၊ ဆုနှင့်ကပ်၍ လွဲချော်ခဲ့ကြသူများလည်း စိတ်ပျက်အားလျော့ခြင်းမဖြစ်ဘဲ နောက်နှစ်များတွင် မိမိဆုရရှိရန် ဆက်လက်ကြိုးစားအားထုတ်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်ကြားချက်ကို တင်ပြသည်။

ထို့နောက် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများပေးအပ်ရာတွင် ပါဝင်အားဖြည့်ကူညီကြမည့် မျိုးဆက်သစ်အနုပညာရှင် အကူမောင်မယ်များနှင့် မိတ်ဆက်ပေးသည်။

**ရုပ်ရှင်တစ်သက်တာဆုပေးအပ်**

ယင်းနောက် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ကြေညာပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငါးထပ်ကွမ်းရုပ်ရှင်ထူးချွန်ဆုရ စည်သူ ဒေါ်မြင့်မြင့်ခင်အား ရုပ်ရှင်တစ်သက်တာဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရုပ်ရှင်တစ်သက်တာဆုရရှိသူ ငါးထပ်ကွမ်းရုပ်ရှင်ထူးချွန်ဆုရ စည်သူ ဒေါ်မြင့်မြင့်ခင်က ကျေးဇူးတင်ဩဝါဒစကား ပြန်လည်ပြောကြားသည်။

**ရုပ်ရှင်ထူးချွန်ဆုများကြေညာ**

ယင်းနောက် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ဆက်လက်ကြေညာရာ ရုပ်ရှင်အတတ်ပညာဆုတစ်ဆုဖြစ်သည့် အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆုကို "မုန်းစွဲ" ဇာတ်ကားဖြင့် ကိုအေးက လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ် ထူးချွန်ဆုကို "ရွှေကြာ"ဇာတ်ကားဖြင့် ကျော်ခိုင်စိုးက လည်းကောင်း၊ အကောင်း ဆုံးရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုကို "မုန်းစွဲ" ဇာတ်ကားဖြင့် ဝင်းလွင်ထက်က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် နောက်ခံတေးဂီတထူးချွန်ဆုကို "မျက်နှာပြင်များ" ဇာတ်ကားဖြင့် ရှုလုံးအမ်ရောနမ်က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းထူးချွန်ဆုကို "ရွှေကြာ" ဇာတ်ကားဖြင့် ဝိုင်းက လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာထူးချွန်ဆုကို "မုန်းစွဲ" ဇာတ်ကားဖြင့် ဒါရိုက်တာ ဩရသက လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားထူးချွန်ဆုကို "ရွှေကြာ"ဇာတ်ကားဖြင့် ငွေသော်တာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်လေးသန္တာမြင့်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆုကို "မုန်းစွဲ" ဇာတ်ကားဖြင့် ကျော်ကျော်ဗိုက လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆုကို "နောင်တွင် ဥဒါန်းတွင်စေသတည်း" ဇာတ်ကားဖြင့် အေးမြတ်သူက လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးရုပ်ရှင်ဇာတ်ဆောင်ထူးချွန်ဆုကို "ရွှေကြာ"ဇာတ်ကားဖြင့် ဖွေးဖွေးက လည်းကောင်း၊ အကောင်းဆုံးအမျိုးသားရုပ်ရှင် ဇာတ်ဆောင်ထူးချွန်ဆုကို "မှော်ဝင်သမန်းကျား" ဇာတ်ကားဖြင့် သူထူးစံက လည်းကောင်းရရှိကြပြီး ဆုရရှိကြသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဝါရင့်အကယ်ဒမီ အနုပညာရှင်ကြီးများက ထူးချွန်ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကာ ထူးချွန်ဆုရ အနုပညာရှင်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိ



အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆုရ ကိုအေး ဆုလက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ထူးချွန်ဆုရ ကျော်ခိုင်စိုး ဆုလက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုရ ဝင်းလွင်ထက် ဆုလက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်နောက်ခံတေးဂီတထူးချွန်ဆုရ ရှုလုံးအမ်ရောနမ် ဆုလက်ခံရယူစဉ်။

သူများသည် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ထူးချွန်ဆု ဆွတ်ခူးရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို ဂုဏ်ပြုနှုတ်ဆက်ကြသည်။

**အသီးသီးပေးအပ်ချီးမြှင့်ခဲ့**

ယခုကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၈၃ ကားထဲမှ ဆန်ခါတင် ၂၅ ကားကို အဆင့်ဆင့်အကဲဖြတ်ရွေးချယ်ခဲ့ပြီး ယင်းဇာတ်ကားများအနက်မှ ထူးချွန်ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စံချိန်တင်နိုင်ခဲ့**

၂၀၁၈ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကား ၈၃ ကားအထိ ရုံတင်ပြသနိုင်ခြင်းသည် မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ဒုတိယစံချိန်အများဆုံး ရုံတင်ပြသနိုင်သည့်နှစ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ ပထမစံချိန်တင်နိုင်သည့်ကာလမှာ ၁၉၆၂ ခုနှစ်ကဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၈၈ ဇာတ်ကားဖြင့် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

**စတင်ဆွတ်ခူးရယူနိုင်ခဲ့**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်က စတင်ပေးအပ်ချီးမြှင့်ခဲ့ရာ ဇာတ်ကားဆုကို "ချစ်သက်ဝေ"၊ အမျိုးသားပညာရှင်ဆုကို ကျော်ဝင်းနှင့် အမျိုးသမီးပညာသည်ဆုကို ကြည်ကြည်ဌေးတို့က စတင်ဆွတ်ခူးရယူနိုင်ခဲ့သည်။

**ဆုပေါင်း ၄၁၀ ဆုချီးမြှင့်ခဲ့**

၁၉၅၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ (၆၅)နှစ်အတွင်း ရုပ်ရှင်တစ်သက်တာဆု တစ်ဆု၊ ရုပ်ရှင်ဇာတ်ကားဆု ၄၇ ဆု (ဒုတိယဆုနှင့် တတိယဆု သုံးဆုစီ အပါအဝင်)၊ ဒါရိုက်တာဆု ၄၈ ဆု၊ အမျိုးသားဇာတ်ဆောင်ဆု ၅၁ ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု ၆၀၊ အမျိုးသားဇာတ်ပို့ဆု ၄၁ ဆု၊ အမျိုးသမီးဇာတ်ပို့ဆု ၄၄ ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု ၅၀၊ ရုပ်ရှင်တေးဂီတဆု ၂၁ ဆု၊ ရုပ်ရှင် အသံဆု ၁၃ ဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု ၁၄ ဆု၊ ရုပ်ရှင်တည်းဖြတ်ဆု ၁၄ ဆုနှင့် အထူးဆုခြောက်ဆုအပါအဝင် ရုပ်ရှင်ထူးချွန်ဆုပေါင်း ၄၁၀ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရုပ်ရှင်တစ်သက်တာဆုကို ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် စတင်ပေးအပ်ချီးမြှင့်ရာ စည်သူဘိုကလေးတင့်အောင်က ဆွတ်ခူးရရှိခဲ့သည်။

**အများဆုံး ဆွတ်ခူးရရှိခဲ့**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသမိုင်းတစ်လျှောက်တွင် အကယ်ဒမီ ဦးညွန့်ဝင်းက ဇာတ်ဆောင်၊ ဇာတ်ပို့ ထူးချွန်ဆုများကို (၇)ကြိမ်ဖြင့် အများဆုံး ဆွတ်ခူးရရှိခဲ့သည်။

အကယ်ဒမီ ဒါရိုက်တာ ဦးသုခက ဒါရိုက်တာဆု၊ အကယ်ဒမီ ရန်အောင်က ဇာတ်ဆောင်ဆု၊ အကယ်ဒမီ သန်းညွန့် (ပန်းသာ)က ရုပ်ရှင်ဓာတ်ပုံဆုနှင့် ဇော်မင်း(ဟံသာမြေ)က ရုပ်ရှင်တည်းဖြတ်ဆုများကို (၆)ကြိမ်စီ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ရုပ်ရှင်ဂီတအနုပညာရှင်များက အကဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

◆ *ကျောဖုံးမှ*

အကယ်ဒမီရ၊ မရစိတ်ဆန္ဒများဖြင့် ရင်ခုန်နေကြရသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို စတင်ချီးမြှင့်ခဲ့သည့် ၁၉၅၂ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၆၇ နှစ်တာကာလအတွင်း ၆၁ ကြိမ်မြောက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲလည်း ဖြစ်သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ၂၀၁၃ ခုနှစ်မှစတင်ကာ ကြီးမှူးကျင်းပခဲ့သည့် ၆ ကြိမ်မြောက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲလည်း ဖြစ်သည်။ ရန်ကုန်မြို့ သုဝဏ္ဏရှိ The One Entertainment Park ၌ ယနေ့ကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် အကယ်ဒမီရရှိသူများ၏ ပျော်ရွှင်ကြည်နူး ရင်တွင်းခံစားစကားသံများကို ဖော်ပြလိုက်ပါသည်။



စည်သူ ဒေါ်မြင့်မြင့်ခင်
(တစ်သက်တာထူးချွန်ဆု)



ကိုအေး
(ရုပ်ရှင်အသံဆု)



ဝင်းလွင်ထက်
(ရုပ်ရှင်ဓာတ်ပုံဆု)



ဒါရိုက်တာဝိုင်း
(ရုပ်ရှင်ဇာတ်ညွှန်းဆု)

**စည်သူ ဒေါ်မြင့်မြင့်ခင်**
**(၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာထူးချွန်ဆု)**

ဒီဆုကို မမျှော်လင့်ခဲ့ပါဘူး။ ရုပ်ရှင်တစ်သက်တာဆုရဖို့က ခက်ခဲပါတယ်။ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှလည်း ရပါတယ်။ ရုပ်ရှင်အနုပညာနဲ့ နိုင်ငံတော်ကို အကျိုးပြုမှ ဒီဆုကို ရရှိခြင်းလည်း ဖြစ်ပါတယ်။ ရုပ်ရှင်အနုပညာရှင် နောင်လာနောက်သားတွေကိုလည်း အခုလို ရုပ်ရှင်တစ်သက်တာဆုတွေ ရရှိအောင်ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

ဒေါ်မြင့်မြင့်ခင်သည် အသက် ၈၅ နှစ် အရွယ်ရှိပြီး ရုပ်ရှင်အကယ်ဒမီထူးချွန်ဆု ငါးဆုရရှိခဲ့သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင်လည်း နာယကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အသံတိတ်ခေတ်မှ ဗီဒီယိုခေတ်အထိ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားပေါင်း ၁၀၀ ကျော်ရိုက်ကူးခဲ့သည်။

**အကောင်းဆုံး ရုပ်ရှင်အသံဆုရှင်**
**ကိုအေး(မုန်းစွဲ)**

ဒီဇာတ်ကားမှာ ပါဝင်ခွင့်ရတာကိုက ဒီအကယ်ဒမီဆုရရှိဖို့ ဖြစ်လာတာလို့ ဆိုရမှာပါ။ ဒီဇာတ်ကားမှာ ပါဝင်သူတွေအားလုံး ဝိုင်းဝန်းကူညီကြလို့ အခုလို သေသေသပ်သပ်နဲ့ ဖြစ်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ညီအစ်ကိုလို သားသမီးလို ဝိုင်းဝန်းကူညီပေးခဲ့ကြတဲ့ စက်အဖွဲ့သားများကိုလည်း ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။

အကောင်းဆုံးအသံဆုရှင် ကိုအေးအတွက် ယခုရရှိသော အကယ်ဒမီဆုသည် ပထမဆုံးအကြိမ်ရရှိခြင်းဖြစ်သည်။

**အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရှင်**
**ကျော်ခိုင်စိုး (ရွှေကြာ)**

ဒီဇာတ်ကားမှာ ပါဝင်တည်းဖြတ်ခွင့်ပေးတဲ့ ထုတ်လုပ်သူတွေ၊ ဒါရိုက်တာတွေကို ကျေးဇူးတင်ပါတယ်။ ဒီ လောကထဲကို စတင်ဝင်ရောက်အောင် တိုက်တွန်းခဲ့တဲ့ ကျွန်တော့်အဘိုးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီအကယ်ဒမီဆုရတဲ့အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးကို ကျေးဇူးတင်ပါတယ်။

**အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရှင်**
**ဝင်းလွင်ထက် (မုန်းစွဲ)**

ဒီမုန်းစွဲဇာတ်ကားမှာ ဓာတ်ပုံနဲ့ ပတ်သက်ပြီး ယုံယုံကြည်ကြည် တာဝန်ပေးခဲ့တဲ့ ဒါရိုက်တာ ညြရသနဲ့ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ဒီဇာတ်ကားမှာ အပင်ပန်းခံပြီး အတူတကွ ရုန်းကန်ခဲ့ကြတဲ့ မုန်းစွဲအဖွဲ့သားတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ မုန်းစွဲအဖွဲ့သားတွေ အားလုံးကြောင့်လည်း အခုလို အကယ်ဒမီဆုရရှိခဲ့တာ ဖြစ်ပါတယ်။ အားလုံးက ဝိုင်းပြီးပံ့ပိုးပေးကြလို့ ဖြစ်ပါတယ်။

**အကောင်းဆုံးရုပ်ရှင်**
**နောက်ခံတေးဂီတဆုရှင်**

မျက်နှာပြင်များ ရုပ်ရှင်ဇာတ်ကားဖြင့် ရှလုံးအမ်ရောနမ်က ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် နောက်ခံတေးဂီတဆုကို ရရှိခဲ့သည်။

**အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုရှင်**
**ဝိုင်း(ရွှေကြာ)**

ကျွန်တော်ပရိသတ်အပေါ် စေတနာထားပါတယ်။ အဲဒီစေတနာ ကျွန်တော်ပြန်ပြီးရလိုက်တယ်လို့ ထင်တာပါပဲ။ မေတ္တာနဲ့ရတဲ့ အကယ်ဒမီဆုလို့ ဆိုရမှာဖြစ်ပါတယ်။ ကျွန်တော့်ဘဝကို အခုလို အကယ်ဒမီဆုတွေရရှိအောင် ဒီလောကထဲရောက်ရှိအောင် ခေါ်ဆောင်လာခဲ့တဲ့ ဆရာညီညီထွန်းလွင်ကို ကျေးဇူးတင်ပါတယ်။ ဒီလိုဇာတ်ညွှန်းဆုရရှိအောင် စာတွေအများကြီးဖတ်နိုင်ဖို့ ရေးသားခဲ့ကြတဲ့ စာရေးဆရာကြီးများကိုလည်း ကျေးဇူးတင်ပါတယ်။ စာရေးဆရာမ ပုညခင်နဲ့ ရွှေကြာအဖွဲ့သားအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ကြိုးစားပါဦးမယ်။

ဝိုင်းသည် ယနေ့ညတွင် အကယ်ဒမီလေးဆုမြောက် ရရှိခဲ့ခြင်းဖြစ်သည်။

**အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု**

ငွေသော်တာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဝိုင်း ရိုက်ကူးထားသော ရွှေကြာဇာတ်ကားက ရရှိခဲ့သည်။

**ဒေါ်လင်းသန္တာမြင့် (ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေး)**

ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေးမှ ပထမဆုံးရရှိသော အကယ်ဒမီဇာတ်ကားဖြစ်ပါတယ်။ ဒါရိုက်တာဝိုင်းကိုလည်း ကျေးဇူးတင်ပါတယ်။ စာရေးဆရာမ ပုညခင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ရွှေကြာတစ်ဖွဲ့သားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**အကောင်းဆုံးရုပ်ရှင်**
**အမျိုးသမီးဇာတ်ဆောင်ဆု**
**ဖွေးဖွေး(ရွှေကြာ)**

ရွှေကြာနေရာက သရုပ်ဆောင်ခွင့်ပေးခဲ့တဲ့ ရွှေကြာရဲ့ပွဲ့ကိုင်ရှင် ဒါရိုက်တာကိုဝိုင်းကို ကျေးဇူးတင်ပါတယ်။ ဒီဆုရတဲ့အတွက် ကျေးဇူးရှင်မိဘနှစ်ပါးနဲ့ လက်ဦးဆရာတွေကို ကျေးဇူးတင်ပါတယ်။ ဒီဇာတ်ကားမှာ အမျိုးသမီးငယ်ကလေးတွေအနေနဲ့ ဘဝမှာ ဘယ်လိုပဲအခက်အခဲကြုံတွေ့နေရပါစေ ကြာပန်းတစ်ပွင့်လို တန်ဖိုးရှိရှိပွင့်နိုင်အောင် ကြိုးစားလိုတဲ့ စိတ်ဓာတ်ဖြစ်ပေါ်စေဖို့ သရုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဖွေးဖွေးချစ်တဲ့ အနုပညာတွေ လုပ်ကိုင်နိုင်ဖို့ မွေးဖွားပေးခဲ့တဲ့ မိဘနှစ်ပါးကို ကျေးဇူးတင်ပါတယ်။ နေ့သစ်တိုင်းအတွက် အနုပညာအလုပ်တွေ လုပ်နိုင်အောင် အားပေးချစ်ခင်ပေးကြတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ အကယ်ဒမီဆုတစ်ဆုရတိုင်း ငါကြိုးစားဖို့ လိုနေသေးတယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်နေပါတယ်။ မြန်မာ့ရုပ်ရှင်အနုပညာနယ်ပယ်မှာ အများကြီးတော်တဲ့ မျိုးဆက်သစ်တွေ ပေါ်ပေါက်လာပါစေလို့ ဆုတောင်းပါတယ်။

**ထင်ပေါ်ဝင်း**
**ဓာတ်ပုံ-တင်စိုး၊ သန်းစိုး**

# အကယ်ဒမီဆိုတာ အားလုံးရဲ့ ရင်ထဲမှာ ဘဝရဲ့ မှတ်တိုင်တစ်ခုလိုဖြစ်တဲ့အတွက် ဒီနေ့မှာ ဘဝရဲ့မှတ်တိုင်တစ်ခုကိုရောက်သွားသလို ခံစားရတယ်

**သရုပ်ဆောင် အေးမြတ်သူ**

ရန်ကုန် မတ် ၂၃

**စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အားကစားစသဖြင့် နယ်ပယ်အသီးသီးတွင် ကျင်လည်လျက်ရှိကြသည့် လောကသားများအတွက် ၎င်းတို့အတွက် တစ်နှစ်တာကာလအတွင်း ထူးချွန်ဆုများကို ကမ္ဘာ့နိုင်ငံအသီးသီးက ပေးအပ်ချီးမြှင့်လေ့ရှိသည်။**




သရုပ်ဆောင် အေးမြတ်သူ




သရုပ်ဆောင် ကျော်ကျော်ဗို




သရုပ်ဆောင် သူထူးစံ




ဒါရိုက်တာ ညြရသ

မြန်မာ့ရုပ်ရှင် လောကသားများအတွက်လည်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက တစ်နှစ်တာ အကောင်းဆုံးရုပ်ရှင် ထူးချွန်ဆုများကို နှစ်စဉ်ပေးအပ်ချီးမြှင့်လေ့ရှိသည်။ အဆိုပါ ရုပ်ရှင်ထူးချွန်ဆုကား မြန်မာ့ရုပ်ရှင်လောကသားများအဖို့ အင်မတန်ဂုဏ်ယူမြတ်နိုးဖွယ်ရာဆုတစ်ဆုဖြစ်သည်။

ယနေ့ကျင်းပသည့် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင်လည်း ထူးချွန်ဆုရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်တို့၏ ဂုဏ်ယူဖွယ်ရာ ပီတိအပြုံးများကိုလည်း မြင်တွေ့ရပြန်ပါသည်။

သို့နှင့် ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသည့် အနုပညာရှင်များ၏ ပီတိစကားသံများကို မျှဝေတင်ပြလိုက်ပါသည်။

**အေးမြတ်သူ(အကောင်းဆုံးအမျိုးသမီးရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆု)**

အကယ်ဒမီဆိုတာ အားလုံးရဲ့ရင်ထဲမှာ ဘဝရဲ့ မှတ်တိုင်တစ်ခုလိုဖြစ်တဲ့အတွက် ဒီနေ့မှာဘဝရဲ့ မှတ်တိုင်တစ်ခုကိုရောက်သွားသလို ကိုယ့်ကိုယ်ကိုယ် ခံစားရတယ်။ ပရိသတ်တွေရဲ့ အချစ်တွေနဲ့အတူ ကိုယ့်ဆန္ဒတွေလည်း ပြည့်သွားတဲ့အတွက် ဝမ်းသာပါတယ်။ အနုပညာဖန်တီးတဲ့သူ အားလုံးရဲ့ အိပ်မက်တွေဟာ အကယ်ဒမီပါ။ ဒီနေ့ ဒီအကယ်ဒမီလေးကိုရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ အဖေအမေတွေအတွက်လည်း ကိုယ်ကပညာရေးမှာသိပ်မထူးချွန်ခဲ့တဲ့အတွက် သရုပ်ဆောင်ပိုင်းမှာ အခုလို ထူးချွန်ဆုရတဲ့အတွက် သမီးကောင်းတစ်ယောက်အနေနဲ့ မိဘကို ကျေးဇူးဆပ်နိုင်တယ်လို့ ခံစားရပါတယ်။ ကိုယ့်ကို သင်ကြားပေးခဲ့တဲ့ ဆရာတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ပိုပြီးတော့ ကြိုးစားသွားမှာပါ။

**ကျော်ကျော်ဗို(အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ပို့ထူးချွန်ဆု)**

ကျော် အားအရဆုံး ဇာတ်ရုပ်ကို ပူးဝင်စီးကပ်ရတဲ့ဇာတ်နဲ့ ရတဲ့အတွက် ပိုပြီး ဂုဏ်ယူရပါတယ်။ ပထမဆုံး တွေးမိတဲ့ စိတ်ကူးကတော့ ကျွန်တော့်ဖေဖေပါ။ ဗီဒီယိုကားတွေ ရိုက်နေကတည်းက အကယ်ဒမီနဲ့ ကျွန်တော့်ကို မြင်စေချင်တာ။ အခုလည်း သူမြင်နေမယ်လို့ ထင်ပါတယ်။ ကျွန်တော့်ရဲ့ဖန်တီးမှုတွေကို စွမ်းအားရှိသလောက်လုပ်နေဦးမှာပါ။ ပရိသတ်ကြီးကို ပြောချင်ပါတယ်။ ဆုတောင်းတွေပြည့်သွားပါပြီ။ နောင်နှစ်တွေမှာလည်း ပရိသတ်ရဲ့ ဆုတောင်းပေးမှုတွေနဲ့ထိုက်တန်တဲ့ အနုပညာသမားဖြစ်အောင် ကျွန်တော်ကြိုးစားသွားမှာပါ။

**သူထူးစံ (အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ဆောင်ထူးချွန်ဆု)**

ဒီနှစ်မှာ ကျွန်တော်ရိုက်ထားတာ ဒီတစ်ကားပဲရှိတယ်။ ပြီးတော့ဒီနှစ်မှာ ဇာတ်ကားကောင်းတွေလည်း အများကြီးရှိတယ်။ အားလုံးရဲ့မေတ္တာ စေတနာနဲ့ရတာပါ။ ကျွန်တော်ကတော့ ဘယ်ဇာတ်ကားပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ခဲ့ပါတယ်။ အခြေအနေ၊ အချိန်အခါနဲ့ အခွင့်အရေး ကိုက်ညီသွားလို့ရတာပါ။ ကျွန်တော့်ပရိသတ်ကြီးကိုလည်း ပြောထားပြီးပါပြီ သိပ်ပြီးအောင်မြင်သွားအောင် မမျှော်လင့်ပါနဲ့ ပုံမှန်ပဲ ကျွန်တော်လုပ်သွားမှာပါ။

**ဒါရိုက်တာ ညြရသ**
**(အကောင်းဆုံးရုပ်ရှင်**
**ဒါရိုက်တာထူးချွန်ဆု)**

ကျေနပ်ပါတယ်။ "မုန်းစွဲ"ကားမှာ မရခဲ့တဲ့ သူတွေအတွက်လည်း စိတ်မကောင်းပါဘူး။ "မုန်းစွဲ"ကားကြီး တကယ်ကောင်းမွန်ပြီးတော့ ကျွန်တော် အခုလို ဆုရတယ်ဆိုတာ ပါဝင်တဲ့သူအသီးသီးက တာဝန်ကျေပွန်စွာပါဝင်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ လောလောဆယ်ခံစားမိတဲ့ခံစားချက်ကတော့ ကျွန်တော် အရင်ထက်ပိုပြီး ကြိုးစားရတော့မယ်။ ပိုပြီးတော့ သေသေချာချာလုပ်ဖို့လိုတယ်ဆိုတဲ့ ခံစားချက်ကိုရပါတယ်။ ရှေ့ဆက်ရိုက်သွားမယ့် ဇာတ်ကားတွေလည်း ရှိပါတယ်။ ဒီထက်ပိုပြီးတော့ ကောင်းအောင်ကြိုးစားသွားပါ့မယ်။ ဘယ်လိုဇာတ်လမ်းအမျိုးအစားကို ဖန်တီးပါစေ အနုပညာရသမြောက်အောင် ကြိုးစားသွားမှာပါ။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ဖေဇော်**

○ *ကျောဖုံးမှ*

သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး အမာခံကစားသမားအချို့ကို အနားပေးကာ ခင်သန်းဝေ၊ ဝင်းသိင်္ဂီထွန်း၊ ခင်မိုမိုထွန်း၊ ခင်မိုးဝေနှင့် ရီရီဦးတို့ကို အမာခံထားကာ ငယ်ငယ်ထွေး၊ အေးအေးမိုး၊ ချစ်ချစ်၊ မေဇင်နွယ် (ဂိုး)၊ ဇင်ဇင်နိုင်၊ လှယဉ်ဝင်းတို့ဖြင့် တွဲဖက်ပွဲထုတ်ခဲ့သည်။ ပွဲအစတွင် မြန်မာအသင်း ကစားကွက်တည်မရမှုကို ဗီယက်နမ်အသင်းက အခွင့်ကောင်းယူကာ ငုယင်သီတူယက်ဒေါင်က ၁၆၊ ၁၉ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ဂိုးပေးလိုက်ရသော်လည်း စိတ်ဓာတ်မကျဘဲ ချေပဂိုးရရန် ပြန်ကြိုးစားရာ ၂၄ မိနစ်တွင် ရီရီဦးက ပထမချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ပထမပွဲထက် ပိုကောင်းသည့်ခြေစွမ်းဖြင့် ဗီယက်နမ်အသင်းကို ဖိကစားနိုင်ခဲ့သည်။ ၇၅ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက အဝေးကန်ချက်ဖြင့် ဒုတိယချေပဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကိုမူ လေးမိနစ်အကြာတွင် ဝင်းသိင်္ဂီထွန်းကပင် သွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

# ၆၆ ကေဗွီ၊ ရေတ်ကောင်း-ရေတ်ကောင်း (တောင်) ဓာတ်အားလိုင်းနှင့် ၆၆/၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ရေတ်ကောင်းဓာတ်အားခွဲရုံ ဖွင့်ပွဲကျင်းပ

ရေတ်ကောင်း-ရေတ်ကောင်း (တောင်) ဓာတ်အားလိုင်းနှင့် ရေတ်ကောင်း ဓာတ်အားခွဲရုံဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အခမ်းအနားတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



**နေပြည်တော် မတ် ၂၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ၆၆ ကေဗွီ၊ ရေတ်ကောင်း-ရေတ်ကောင်း (တောင်) ဓာတ်အားလိုင်း ၁၅ ဒသမ ၃၂ မိုင်နှင့် ၆၆/၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ရေတ်ကောင်း ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ရေတ်ကောင်းမြို့ အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ရေတ်ကောင်းဒေသကို နိုင်ငံတော်ဓာတ်အား စနစ်ရောက်ရှိနေပြီးဖြစ်သည့် ၆၆ ကေဗွီ ရေတ်ကောင်း(တောင်) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ ရေတ်ကောင်း-ရေတ်ကောင်း (တောင်) ဓာတ်အားလိုင်း ၁၅ ဒသမ ၃၂ မိုင်နှင့် ရေတ်ကောင်းမြို့တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး (၂၃-၁၂-၂၀၁၈) ရက်နေ့တွင် တည်ဆောက်ပြီးစီး၍ ၆၆ ကေဗွီ ရေတ်ကောင်း ဓာတ်အားခွဲရုံကို ဓာတ်အားပို့လွှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရေတ်ကောင်းမြို့နယ်အတွင်း အိမ်ထောင်စုပေါင်း ၁၀၀၈ ရှိသည့်အနက် အိမ်ထောင်စု ၃၃၉ စု ဓာတ်အားရရှိ သုံးစွဲနိုင်ခဲ့ပြီး ဆောင်ရွက်ဆဲဓာတ်အားဖြန့်ဖြူးရေးလိုင်းနှင့်ခွဲရုံများ ဆောင်ရွက်ပြီးစီးသည့်အချိန်တွင် ရေတ်ကောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၃၈ ရွာရှိ အိမ်ထောင်စုပေါင်း ၅၉၂၄ စုသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ (၂၄)နာရီ ဓာတ်အားရယူသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၆၆၁၉ သန်းကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲနိုင်ခြင်း မရှိသေးသည့်ဒေသများသို့ ဓာတ်အားရရှိသုံးစွဲနိုင်ရန် ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း အိမ်ထောင်စုပေါင်း ၁၄၈၉၈၃ စုရှိသည့်အနက် အိမ်ထောင်စု ၂၆၇၃၃၃ စု လျှပ်စစ်ဓာတ်အားရရှိ သုံးစွဲနေပြီဖြစ်ပြီး တိုင်းဒေသကြီးတစ်ခုလုံး၏ (၁၈ %) ခန့် ဓာတ်အားရရှိသုံးစွဲနိုင်နေပြီ ဖြစ်ပါကြောင်း၊ မီးရရှိသုံးစွဲနိုင်ခြင်း မရှိသေးသည့် အိမ်ထောင်စုများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု၊ လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေက ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး ရေတ်ကောင်းမြို့မှ ရပ်မိရပ်ဖဖြစ်သူ ဦးသန်းညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် ၆၆ ကေဗွီ၊ ရေတ်ကောင်း- ရေတ်ကောင်း (တောင်) ဓာတ်အားလိုင်း (၁၅ဒသမ ၃၂) မိုင်နှင့် ၆၆/၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ရေတ်ကောင်းဓာတ်အားခွဲရုံအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု၊ လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ၊ ငပုတောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ၆၆/၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ရေတ်ကောင်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကာ ဓာတ်အားခွဲရုံ Control Room နှင့် Switchyard အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၂ ရက် ညနေပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ပင်မဓာတ်အားခွဲရုံမှူးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး**

ထို့နောက် ခရိုင်လျှပ်စစ်အင်ဂျင်နီယာများမှ ခရိုင်အလိုက်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေ၊ နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲမှု၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကျွန်တလီမြို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း ဖွင့်ပွဲသို့ တက်ရောက်

**ကျွန်တလီ မတ် ၂၃**

ကျွန်တလီမြို့တွင် နိုင်ငံတော်ဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ကျွန်တလီမြို့ ဘောလုံးကွင်း၌ ကျင်းပသည်။

**လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေ ဦးစားပေး**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် မိမိတို့ မျှော်လင့်ခဲ့ကြသည့် မျှော်လင့်ချက်များ ပြည့်ဝစေသည့် အခမ်းအနားဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အဦများ၊ အခြေခံလိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ရမည်ဟု မှာကြားပါကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အခြေခံအဆောက်အဦများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေ စသည့် ကဏ္ဍများကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် သိသာထင်သာသည့် တိုးတက်မှုအခြေအနေများကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ယခုထက် ပိုမိုကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျွန်တလီမြို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းဖွင့်ပွဲ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**အကျိုးရှိရှိ အသုံးချ**

လျှပ်စစ်မီးအနေဖြင့်လည်း တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် မြို့အသီးသီးတွင် ရရှိနေပြီဖြစ်ပါကြောင်း၊ မြို့သူမြို့သားများအနေဖြင့် လျှပ်စစ်မီးရရှိသည့်အတွက် ပျော်ရွှင်နေကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ယခုရရှိသည့် လျှပ်စစ်မီးကို အကျိုးရှိရှိ အသုံးချသွားမည်ဆိုပါက ကောင်းမွန်သောတိုးတက်မှုများ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ပြည်သူများကို လျှပ်စစ်မီးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးမှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ကြသည့် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများနှင့် ဝိုင်းဝန်းဆောင်ရွက်ကြသူများ အားလုံးကို ရခိုင်ပြည်နယ်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ကျွန်တလီမြို့တွင် နိုင်ငံတော်ဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ ကျွန်တလီမြို့တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း ဖွင့်ပွဲအခမ်းအနားကို ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးညီပုက ကျွန်တလီမြို့တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခြင်းအထိမ်းအမှတ်အဖြစ် လျှပ်စစ်မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**အိမ်ထောင်စု ၁၅၉၄ စုဓာတ်အားပေးနိုင်**

ကျွန်တလီမြို့တွင် ၂၄ နာရီ လျှပ်စစ်မီး ရရှိရေးအတွက် ဂွဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဂွ-ကျွန်တလီဓာတ်အားလိုင်း ၄၃ ဒသမ ၃၄ မိုင် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ် မတ်လတွင် တည်ဆောက်ပြီးစီးခဲ့ပြီး ကျွန်တလီမြို့ပေါ်ရှိ အိမ်ထောင်စု ၁၃၀၃ စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စု ၁၅၉၄ စုကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မျိုးသူထွန်း**

# မြန်မာနိုင်ငံ စာတတ်မြောက် အထောက်အကူပြု ပင်မဌာနမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုပွဲနှင့် ပညာရေးသံတမန် ဂုဏ်ပြုခန့်အပ်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံ စာတတ်မြောက် အထောက်အကူပြုပင်မဌာန(MLRC)မှ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သူ ၁၉ ဦးအား ဂုဏ်ပြုပွဲနှင့် အနုပညာရှင် ဒေါက်တာချစ်သုဝေအား မြန်မာနိုင်ငံ စာတတ်မြောက် အထောက်အကူပြု ပင်မဌာန(MLRC) ပညာရေးသံတမန်အဖြစ် ဂုဏ်ပြုခန့်အပ်ပွဲကို မတ် ၃၁ ရက်တွင် ရန်ကုန် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၀၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ကျောင်းပြင်ပ မူလတန်းပညာရေး ပြီးဆုံးအောင်မြင်သူများထဲမှ အခြေခံပညာသို့ ဆက်လက်တက်ရောက် သင်ယူကြသူများအနက် ကြိုးစားအားထုတ်သူ ၂၄ ဦးသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲပြီးဆုံးအောင်မြင်၍ တက္ကသိုလ်အသီးသီးနှင့် အဝေးသင်တက္ကသိုလ်တို့တွင် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူလျက်ရှိသည်။ ကျောင်းပြင်ပရောက် ကလေးများ ပညာသင်ယူခွင့် ကင်းမဲ့ခဲ့ရာတွင် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ဖြင့် ပညာသင်ယူခွင့်ရရှိရာ ကလေးများ ကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ ပညာရေး စေတနာရှင်များ၏ ပံ့ပိုးမှုကြောင့် အဆင့်မြင့် တက္ကသိုလ်ပညာရပ်များကို ဆည်းပူးခွင့်ရနေကြပြီဖြစ်ပြီး အလားတူ ကျောင်းပြင်ပရောက်ကလေးများအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးစောင့်ရှောက်ပေးမည့် အလှူရှင်ကြီးများ ပေါ်ထွက်လာရေး မြန်မာနိုင်ငံ စာတတ်မြောက် အထောက်အကူပြု ပင်မဌာန(MLRC)က စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ပညာ**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၃**

မွန်ပြည်နယ် မုပွလင်မြို့နယ်ရှိ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ခံက စစ်ဆေးဆောင်ရွက်သည့် နည်းလမ်းများ၊ နှစ်အလိုက် ဖမ်းဆီးမှုစာရင်းများနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ အခွန်ငွေ ကောက်ခံရရှိမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်ထောင်စုရိပ်သာ ပဒိုစောဒေးဖစ်ထောခန်းမ၌ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနသည် ငွေရေးကြေးရေးကဏ္ဍတွင် အဓိက တာဝန်ယူရသည့် ဌာနဖြစ်၍ အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့ လုပ်ဆောင်နေသည့် လုပ်ငန်းများကို ကိုယ်ကျိုးမငဲ့ဘဲ ကျေပွန်စွာထမ်းဆောင်ကြရန်လိုအပ်ပြီး သို့မှသာ နောင်လာမည့် မျိုးဆက်များအတွက် ကောင်းမွန်သည့် အမွေများကို လက်ဆင့်ကမ်းထားခဲ့နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

# လူ့အခွင့်အရေးကောင်စီတွင် အီးယူမှတင်သွင်းသည့် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အဆိုမူကြမ်းအား ပြတ်သားစွာပယ်ချခဲ့

**နေပြည်တော် မတ် ၂၃**

ဂျီနီဗာမြို့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အကြိမ် (၄၀)မြောက် ပုံမှန်အစည်းအဝေးသို့ ဥရောပသမဂ္ဂ(အီးယူ)က တင်သွင်းသည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက် အဆိုမူကြမ်းအား အရေးယူဆောင်ရွက်ရန်အတွက် ဆွေးနွေးမှုတစ်ရပ်ကို မတ် ၂၂ ရက်တွင် လူ့အခွင့်အရေးကောင်စီ၌ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ပြတ်သားစွာ ပယ်ချခဲ့သည်။

ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ဆုံးဖြတ်ခြင်းမပြုမီ သက်ဆိုင်ရာနိုင်ငံအနေဖြင့် မိန့်ခွန်းပြောကြားရာ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက ယင်း ဆုံးဖြတ်ချက် အဆိုမူကြမ်းအား မြန်မာနိုင်ငံမှ ပယ်ချရသည့် အဓိကအကြောင်းအရင်း အချက် (၇) ချက်ကို အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့သည်-

(၁) ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် တစ်ဖက်သတ် ပြောကြားမှုများ၊ ပြင်းထန်သည့် နိုင်ငံရေးသွတ်သွင်းမှုများနှင့် မြန်မာနိုင်ငံက ပြတ်သားစွာကန့်ကွက်ထားသည့် အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)နှင့် အထူးအစီရင်ခံစာတင်သွင်းသူတို့၏ မှားယွင်းချက်များစွာပါရှိသော အစီရင်ခံစာများကို အဓိက အခြေခံထားကြောင်း၊

(၂) ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်တစ်ခုပြီးတစ်ခု၊ ယန္တရားတစ်ခုပြီးတစ်ခုတို့ဖြင့် နိုင်ငံတကာဖိအားများ ပိုမိုကျရောက်စေရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သည်မှာ ထင်ရှားကြောင်း၊ လူ့အခွင့်အရေး အမည်တပ်၍ ကုလသမဂ္ဂယန္တရားမျိုးစုံကို အလွဲသုံးစားပြုကာ မြန်မာနိုင်ငံအပေါ် မကြုံစဖူး ခွဲခြားဆက်ဆံ စစ်ဆေးမှုများ ကျရောက်စေရန် ရည်ရွယ်သည့်၊ စွပ်စွဲမှုများကို အခြေခံထားသော စာပိုဒ်များစွာကို ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် တွေ့ရှိရကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂယန္တရားများစွာ၏ စောင့်ကြည့်စစ်ဆေးမှုကို ကြုံတွေ့နေရကြောင်း၊

(၃) ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် အချုပ်အခြာအာဏာပိုင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာနှင့် နယ်မြေတည်တံ့မှုတို့ကို လုံးဝအလေးမထားရာရောက်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းစဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအပေါ် လူ့အခွင့်အရေးစံနှုန်းများသုံး၍ ခွဲခြားဆက်ဆံခြင်း၊ ဘက်လိုက်ခြင်းနှင့် စံနှစ်မျိုးဖြင့် ဆက်ဆံခြင်းကို ပြသနေသည့် ဥပမာ (classic example) တစ်ခုအဖြစ် မြင်တွေ့ရကြောင်း၊

(၄) ဆုံးဖြတ်ချက်အဆိုမူကြမ်းအား မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဟု ခေါင်းစဉ်တပ်ထားသော်လည်း စာပိုဒ်အများစုသည် အပြုသဘောမဆောင်ဘဲ ကျဉ်းမြောင်းသည့် အမြင်များဖြင့် ရခိုင်ပြည်နယ်ရှိ လူတစ်စု၏ အခွင့်အရေးအတွက်ကိုသာ အာရုံစိုက်ထားသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံအတွင်းရှိ လူမျိုးပေါင်းစုံနှင့် ဘာသာရေးအသိုက်အဝန်းများအကြား စည်းလုံးညီညွတ်မှုနှင့် လူမှုအသိုက်အဝန်း သဟဇာတဖြစ်မှုကို ပျက်ပြားစေနိုင်သည့် မည်သည့်ကြိုးပမ်းမှုမျိုးကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်း၊

(၅) အီးယူ၏ ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် မြန်မာနိုင်ငံ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြားတွင်သာမက မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြားတွင်ပါ ပိုမိုနားလည်မှုလွဲမှားပြီး အမြင်ကွဲပြားအောင် မျိုးစေ့ချနေကြောင်း၊ ထို့ပြင် အဆိုမူကြမ်းသည် ဖြေရှင်းမှု၊ နားလည်မှုနှင့် ပြန်လည်သင့်မြတ်မှုတို့ကို အဖြေရှာရမည့်အစား အပြစ်ပေးဒဏ်ခတ်လိုသည့် အငွေ့အသက်များဖြင့်သာ ပြည့်နှက်နေကြောင်း၊

(၆) လက်ရှိလူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများဖြစ်ပေါ်စေခဲ့သည့် အဓိက အကြောင်းရင်းမှန်ဖြစ်သော အကြမ်းဖက်ခြိမ်းခြောက်မှုကို ဆုံးဖြတ်ချက် အဆိုမူကြမ်းတွင် ရည်ရွယ်ချက်ရှိရှိဖြင့် လျစ်လျူရှုထားကြောင်း၊ သို့ဖြစ်၍ ပူးတွဲအဆို တင်သွင်းသူများ၏ ရည်ရွယ်ချက်၊ စိတ်ရင်းအမှန်တို့နှင့် ပတ်သက်၍ အလွန်စိုးရိမ်ပူပန်မိကြောင်း၊

(၇) မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံတည်းကို ဦးတည်သည့် ဆုံးဖြတ်ချက်များကို ဆန့်ကျင်ကြောင်း။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုပါ အကြောင်းရင်းများကြောင့် ဆုံးဖြတ်ချက် အဆိုမူကြမ်း L.19 ကို ပြတ်သားစွာ ပယ်ချကြောင်းနှင့် တရားမျှတမှုမရှိသော ဆုံးဖြတ်ချက် အဆိုသည် မြန်မာနိုင်ငံအပေါ် စည်းနှောင်မှုရှိမည်မဟုတ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။




မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း

**"ဆုံးဖြတ်ချက်အဆိုမူကြမ်းအား အဖွဲ့ဝင် ၄၇ နိုင်ငံပါဝင်သည့် လူ့အခွင့်အရေးကောင်စီတွင် မဲခွဲခဲ့ရာ ကန့်ကွက်မဲ ၃ မဲ၊ ကြားနေမဲ ၇ မဲနှင့် ထောက်ခံမဲ ၃၇ မဲဖြင့် အတည်ပြုခဲ့သည်။ တရုတ်၊ ကျူးဘားနှင့် ဖိလစ်ပိုင်တို့က မြန်မာနိုင်ငံဘက်မှ ရပ်တည်လျက် ကန့်ကွက်မဲပေးခဲ့ကြပြီး၊ အန်ဂိုလာ၊ ကင်မရွန်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ နီပေါနှင့် ဆီနီဂေါနိုင်ငံတို့ကလည်း အီးယူ၏ဆုံးဖြတ်ချက် အဆိုမူကြမ်းအား ထောက်ခံခြင်းမပြုဘဲ ကြားနေမဲပေးခဲ့"**

### နိုင်ငံရေးအရ ကျူးကျော်ထိပါးသည့်စာပိုဒ်များက ပိုမိုများပြားနေ

မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် ပါဝင်သော အချို့စာပိုဒ်များသည် မြန်မာနိုင်ငံ၏အပြုသဘောဆောင်သော တိုးတက်မှုများစွာထဲမှ အချို့ကို အသိအမှတ်ပြု ကြိုဆိုထားသည်ကို တွေ့ရှိရသော်လည်း ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း အချက်အလက်မှားယွင်းမှုများ၊ အချုပ်အခြာအာဏာကို နိုင်ငံရေးအရ ကျူးကျော်ထိပါးသည့် စာပိုဒ်များက ပိုမိုများပြားနေကြောင်း၊ မကောင်းသည့် ရည်ရွယ်ချက်၊ ဘက်လိုက်မှုနှင့် နိုင်ငံရေး လှုံ့ဆော်မှုများဖြင့် နောက်ထပ် ဆုံးဖြတ်ချက် အဆိုမူကြမ်းကို ချမှတ်ခြင်းသည် မြန်မာနိုင်ငံကို ကူညီရာ မရောက်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

### အပြုသဘောဆောင်သော ကူညီပံ့ပိုးမှုများ ပြုလုပ်ရန် အခွင့်အလမ်းများရှိ

ထို့ပြင် အီးယူနှင့် ပူးတွဲအဆိုတင်သွင်းသူများအနေဖြင့် စစ်မှန်သော စိတ်ဆန္ဒရှိမည်ဆိုပါက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အပြုသဘောဆောင်သော ကူညီပံ့ပိုးမှုများ ပြုလုပ်ရန် အခွင့်အလမ်းများရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်က လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာတွင် အပြုသဘောဆောင်သည့် ချဉ်းကပ်ကြိုးပမ်းမှုများနှင့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုများ အရေးပါကြောင်း ပြောကြားခဲ့ပြီး မြန်မာအစိုးရနှင့် ပြည်သူများသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး ရည်မှန်းချက် အောင်မြင်ရေးအတွက် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားရန် ခိုင်မာစွာကတိကဝတ်ပြုထားသည်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ရေရှည်တည်တံ့သည့် အဖြေရရှိရေး ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ ဤကိစ္စကိုဖြေရှင်းရာတွင် နိုင်ငံတကာအသိုက်အဝန်း၏ စိတ်ရင်းစေတနာ၊ မှန်ကန်သည့် အပြုသဘောဆောင်သော ပူးပေါင်း ဆောင်ရွက်မှုကို ဆက်လက်ကြိုဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိဂုံးချုပ်တွင် မြန်မာအစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် မှန်ကန်သောမှုဖြင့် ထောက်ခံရပ်တည်ကြသည့် ကိုယ်စားလှယ်အဖွဲ့များကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် ဆုံးဖြတ်ချက် အဆိုမူကြမ်းကို ကန့်ကွက်မဲပေးရန် ကောင်စီအဖွဲ့ဝင်နိုင်ငံများအား မေတ္တာရပ်ခံကြောင်း ပြောကြားခဲ့သည်။

### ဆုံးဖြတ်ချက် အဆိုမူကြမ်းအား မဲခွဲရန် တောင်းဆို

လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံကိုယ်စားလှယ်က အဆိုပါဆုံးဖြတ်ချက် အဆိုမူကြမ်းသည် ပြဿနာများကို ဖြေရှင်းမည့်အစား မြေပြင်အခြေအနေများကို ပိုမိုရှုပ်ထွေးစေကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် အပြုသဘောဆောင်သော တိုးတက်မှုများစွာကို အသိအမှတ်ပြုသင့်ကြောင်း၊ ကာယကံရှင် မြန်မာနိုင်ငံက ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ပယ်ချထားကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဆုံးဖြတ်ချက်အဆိုမူကြမ်းအား မဲခွဲရန် တောင်းဆိုခဲ့သည်။

ထို့နောက် ဆုံးဖြတ်ချက်အဆိုမူကြမ်းအား အဖွဲ့ဝင် ၄၇ နိုင်ငံပါဝင်သည့် လူ့အခွင့်အရေးကောင်စီတွင် မဲခွဲခဲ့ရာ ကန့်ကွက်မဲ ၃ မဲ၊ ကြားနေမဲ ၇ မဲနှင့် ထောက်ခံမဲ ၃၇ မဲ ဖြင့် အတည်ပြုခဲ့သည်။ တရုတ်၊ ကျူးဘားနှင့် ဖိလစ်ပိုင်တို့က မြန်မာနိုင်ငံဘက်မှ ရပ်တည်လျက် ကန့်ကွက်မဲပေးခဲ့ကြပြီး၊ အန်ဂိုလာ၊ ကင်မရွန်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ နီပေါ နှင့် ဆီနီဂေါနိုင်ငံတို့ကလည်း အီးယူ၏ဆုံးဖြတ်ချက် အဆိုမူကြမ်းအား ထောက်ခံခြင်းမပြုဘဲ ကြားနေမဲပေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၂၃**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ဖြူးမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

**မြန်မာ့အလင်း**

# နိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး မတ် ၂၃**

မန္တလေး နိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (၂၀၁၉) (Mandalay International Trade Fair & Business Forum 2019) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ရှိ Mandalay Convention Center (MCC) ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသား တိုင်းရင်းသူများက MRCCI Theme Song နှင့် တိုင်းရင်းသားရိုးရာသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဂုဏ်ထူးဆောင်နာယက ဦးအောင်ဝင်းခိုင်၊ ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ဒေါ်သင်းသင်းကျော်တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးခင်မောင်ချို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ နိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ၌ ပြသထားသော ပြခန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယနေ့ပွဲ၏ ရည်ရွယ်ချက်အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားရေးနှင့်ပတ်သက်သော အခွင့်အရေးများရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ ရရှိလာသော စီးပွားရေးအခွင့်အလမ်းများအပေါ် ရင်းနှီးမြှုပ်နှံမှုတိုးပွားလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် Mandalay International Trade Fair & Business Forum 2019 ကို တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့် မန္တလေးမြို့တော်တွင် ကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ တည်ငြိမ်မှုနှင့် အေးချမ်းမှုအား ပြယုဂ်တစ်ခုအနေဖြင့် နိုင်ငံတကာမှ သိမြင်လာစေရန် ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲသည် မန္တလေးတိုင်းဒေသကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ခေတ်ဆန်းသစ်စေမည်သာမက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အထင်ကရမှတ်ကျောက်တစ်ခုတင်နိုင်မည်ဟု မျှော်လင့်မိပါကြောင်း ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြသည့် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဦးဆောင်သည့် အဖွဲ့အစည်းအသီးသီးက ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် အချိန်တိုအတွင်း ယခုကဲ့သို့ အခြေအနေမျိုးရောက်ရှိလာခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် ချိတ်ဆက်၍ ပြည်သူများနှင့် တိုက်ရိုက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ လက်တွေ့ကျကျ အောင်မြင်နိုင်သော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးကျော်မင်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ Mandalay Vision 2030 ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက Mandalay Beyond Horizon ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ Mandalay International Trade Fair & Business Forum 2019 ကို မတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများစသည်ဖြင့် အမျိုးအစားစုံလင်စွာဖြင့် ပြခန်းပေါင်း ၂၆၉ ခန်း ပါဝင်ပြသထားသည်။ ထို့ပြင် ဆွေးနွေးပွဲများ၊ Business Matching များလည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ဒုတိယဝန်ကြီး ဦးကျော်လင်း မြောင်းမြတံတားသစ်၌ တံတားခံနိုင်ဝန်စမ်းသပ်စစ်ဆေးမှုအား ကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီး ဦးကျော်လင်း မြောင်းမြတံတားသစ်၌ တံတားခံနိုင်ဝန်စမ်းသပ်စစ်ဆေးမှုအား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းပေါ်ရှိ မြောင်းမြတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားခံနိုင်ဝန် ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေးသည်။

မြောင်းမြတံတားသစ်သည် တံတားတည်ဆောက်မှု ပြီးစီးပြီဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့် တံတားအတွက် Steel Truss များ ထုတ်လုပ်ပေးသော J & M Steel Solution စက်ရုံမှ ဂျပန်ပညာရှင်များက တံတားခံနိုင်ဝန်စမ်းသပ်နေမှုများကို ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေးသည်။

တံတားခံနိုင်ဝန်စမ်းသပ်ဆောင်ရွက်ရာ၌ ပင်မတံတားရေလယ်တိုင်များအကြားတွင် စုစုပေါင်းတန်ချိန် ၂၅၀ ရှိ ကုန်တင်ယာဉ်များဖြင့် Deflection Test နှင့် Stress and Strain Value များမှာ Design Limit အတွင်း တွေ့ရှိရသဖြင့် တံတားမှာ သတ်မှတ်ခံနိုင်ဝန်အတိုင်း (Fit For Service) ဖြစ်ကြောင်း တွေ့ရှိရသည်။

မြောင်းမြတံတားသစ်စီမံကိန်းကို ၂၀၁၇ ခုနှစ် မေ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ တည်ဆောက်စဉ်ကာလ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် မြောင်းမြကြိုးတံတားအဟောင်း ကြိုးကျပျက်စီးသွား၍ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ဆဲတံတားအသစ်ကို တစ်နှစ်အတွင်း အမြန်ဆုံးပြီးစီးရန် တံတားပုံစံများ ပြောင်းလဲတည်ဆောက်ခဲ့ပြီး ယခုအခါ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီး အချောသပ်လုပ်ငန်းနှင့် အပြီးသတ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကြာမီအချိန်အတွင်း ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၃**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ယနေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ နံနက်ပိုင်းမှ ညနေပိုင်းအထိ လာရောက်ကြည့်ရှုလေ့လာကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

"မနေ့က ဖွင့်ပွဲနဲ့ဆိုတော့ လူတော်တော်များများလာကြတယ်။ ဒီနေ့က ရုံးပိတ်ရက်ဆိုတော့ ပိုလာကြတဲ့အတွက် ပွဲကပိုစည်ပြီး ရောင်းအားလည်းကောင်းပါတယ်။ ဒါမျိုးပွဲတွေမှာ ပါဝင်ပြသတဲ့အတွက် ကျွန်မတို့ရဲ့ ထုတ်ကုန်တွေကို လူတိုင်းသိအောင်လုပ်ဖို့ ပိုမိုအဆင်ပြေလွယ်ကူပါတယ်"ဟု မောချယ်ရီကော်ဖီဆိုင်ဝန်ထမ်း မတိုးအိအိအောင်က ပြောသည်။

အဆိုပါပြပွဲကို MSMEs လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းလာရန်၊ ပါဝင်ပြသသူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ထုတ်ကုန်အရည်အသွေး၊ တီထွင်ဆန်းသစ်မှုများကို လေ့လာနိုင်ရန်၊ ဒေသအလိုက် ထုတ်ကုန်များကို စားသုံးသူများနှင့် မိတ်ဆက်ပေးနိုင်ရန်၊ ထုတ်လုပ်မှုမှ ကုန်သွယ်မှုအထိ လုပ်ငန်းစဉ်တစ်လျှောက် လိုအပ်ချက်များကို ပိုမိုနားလည်ဆန်းသစ်အဖြေရှာနိုင်ရန်နှင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် MSMEs များ နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Regional Trade Promotion မှ နိုင်ငံတကာဈေးကွက်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်စိမ့်စိမ့်ဆွေက "ဒေသစုံက ဒေသထွက်ကုန်တွေကို ဝယ်ယူလို့ရပါတယ်။ ကိုယ့်နိုင်ငံရဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေကထွက်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို လေ့လာဝယ်ယူချင်လို့လာတာပါ။ ဈေးနှုန်းတွေကလည်း သင့်တင့်ပါတယ်။ တိုက်ရိုက်လာပြီးရောင်းချတာဆိုတော့ အပြင်က ဈေးထက်တော့ သက်သာပါတယ်။ ဒီပွဲက သုံးရက်ပဲဆိုတော့ ကျွန်မတို့ဝန်ထမ်းတွေက စနေ၊ တနင်္ဂနွေနဲ့ တိုက်လို့သာလာနိုင်တာ။ ဖြစ်နိုင်ရင် ငါးရက်လောက်ဆိုရင် ပိုကောင်းတယ်။ ဒါမှ နေပြည်တော်အနီး ပတ်ဝန်းကျင်ဒေသကသူတွေလည်း လာနိုင်မှာပါ"ဟု ပြောသည်။



နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ပြသရောင်းချနေသော ဆိုင်ခန်းများ၌ ကြည့်ရှုဝယ်ယူသူများကို တွေ့ရစဉ်။

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် MSMEs လုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ မန္တလေး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြိတ်မြို့တို့တွင် စုစုပေါင်း ကိုးကြိမ်တိုင်တိုင် ကျင်းပပြီးစီးခဲ့ပြီး ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လုပ်ငန်းများကို အမျိုးအစားအလိုက် ဆုများချီးမြှင့်ပေးခဲ့ရာ လုပ်ငန်းပေါင်း ၄၀ နှင့် လုပ်ငန်းရှင် ၁၂၂ ဦး တို့ကို ဆုများချီးမြှင့်နိုင်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ပြပွဲ၊ ပြိုင်ပွဲတွင် ဝါးဖြင့် ပထမဆုရရှိခဲ့သူ လှော်တက်ကုမ္ပဏီမှ မသင်းသင်းမာက "ကျွန်မတို့က ဝါးကို ငါးမျှားတံမှစပြီး ဝါးလုံးများကို အဝတ်တန်း၊ အမိုး စတဲ့ အိမ်သုံးပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရောင်းချပါတယ်။ ကုန်ကြမ်းတွေကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ပါတယ်။ အခုလက်ရှိ ပြည်ပတင်ပို့မှုအနေနဲ့ အမေရိကန်နဲ့ စင်ကာပူနိုင်ငံတွေကို တင်ပို့နေပါတယ်"ဟု ပြောသည်။

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသည် မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျင်းပခဲ့သည့် ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကိုးခုမှ ဆုရရှိခဲ့သော MSMEs များကို ထပ်မံယှဉ်ပြိုင်ပြီး မတ် ၂၄ ရက်၌ နိုင်ငံတော်အဆင့်ဆုများ ရွေးချယ်ချီးမြှင့်သွားမည့် ပြပွဲနှင့်ပြိုင်ပွဲဖြစ်သည်။

**သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်**

# တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအလုပ်ရုံဆွေးနွေး

ပုသိမ် မတ် ၂၃

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ နည်းပညာအကူအညီဖြင့် "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကား ပြောကြားစဉ်။**

အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်နှင့် ပြင်ပပညာရှင်များ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်းခြောက်ဦးတို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာများ၊ တာဝန်ယူမှုရှိသော အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍများကို စင်မြင့်ထက်တွင် စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာ အဂတိတိုက်ဖျက်ရေးဆိုင်ရာအသိအမြင်များမြှင့်တင်ပေးခြင်းဖြင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံအား ဆင်းရဲနွမ်းပါးသည့် အခြေအနေထိ ဖြစ်ပေါ်စေသည့် စနစ်ဆိုးကြီးဖြစ်၍ တိုက်ဖျက်ရမှာ ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုလျော့ပါးလာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က မိမိတို့ဌာနအတွင်း၌ အဂတိလိုက်စားမှုစနစ်ကို လျော့ကျသွားစေရန် မိမိတို့ကိုယ်တိုင် တာဝန်ယူကြမည်ဟူသော ပင်ကိုဖြောင့်မတ်တည်ကြည်သော စိတ်ကောင်းစေတနာရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် မြို့နယ်နှင့် ကျေးလက်ဒေသအသီးသီးတွင် မိမိဌာနနှင့်ပတ်သက်၍ အဂတိလိုက်စားမှု ဖြစ်ပွားနေမှုများကို စိစစ်ဖော်ထုတ်ရန်၊ သေးငယ်သော လာဘ်ပေးလာဘ်ယူမှုများရှိခဲ့လျှင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရေးတင်ပြသွားရန်၊ ပိုမိုကြီးမားသော အဂတိလိုက်စားမှုများ ဖြစ်ခဲ့လျှင် ပြည်ထောင်စုဝန်ကြီးဌာန (သို့မဟုတ်) သက်ဆိုင်ရာအစိုးရအဖွဲ့မှတစ်ဆင့် ကော်မရှင်သို့ ဆောလျင်စွာ လွှဲပြောင်းပေးပို့ရန်၊ ဌာနက ကျင့်သုံးနေသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များ၌ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်များကို တွေ့ရှိရလျှင် ပြည်ထောင်စုဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ CPU နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတို့ကို ကြိုတင် တင်ပြသွားသင့်ပါကြောင်း ကော်မရှင်အနေဖြင့် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့ကိုယ်တိုင် စတင်ပြောင်းလဲခြင်းနှင့် မိမိတို့၏ အဖွဲ့အစည်းများကို ပြောင်းလဲလာစေရန် တာဝန်ယူခြင်းတို့ဖြင့် မိမိတို့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ပေးကြပါ၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းတို့တွင် တာဝန်ယူမှု မြှင့်တင်ပေးကြပါရန် တိုက်တွန်းကြောင်း ပြောကြားသည်။

**အလုပ်ရုံဆွေးနွေး**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က "ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ"၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"၊ ဒေါက်တာ တင်မောင်သန်း(သင့်ဘဝ)က "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"၊ ဒေါက်တာဇော်ဦးက "တာဝန်ယူမှုရှိသော CSO များကဏ္ဍ"၊ ကုန်သည်စက်မှုအသင်းချုပ်မှ ဦးဝင်းမြင့်အောင်က "တာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍ" နှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင် ဦးဝင်းမြင့်လှိုင်က "တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်ကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာများ တက်ရောက်ခဲ့ကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကျင်းပ

**သုဝဏ္ဏဝတီမြို့ မတ် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ကတိုက်ကြီးတောင်ပေါ်ကျောင်းတိုက် သုဓမ္မကာရီဓမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီက အောက်ကွင်းကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။




**ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ သထုံမြို့နယ်ရှိ ဒေသခံများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။**

တွေ့ဆုံပွဲ၌ ဒေသလိုအပ်ချက်များကို တင်ပြကြရန် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကားတွင် ပြောကြားသည်။

ဆက်လက်၍ ကတိုက်ကြီးကျေးရွာမှ ဦးစိန်ကွက်သစ်တွင် နေအိမ်များ မိုးရာသီတွင် ရေလွှမ်းမှုများ ရှိနေသဖြင့် တံတားတစ်ခုနှင့် ဂဝံလမ်းတည်ဆောက်ပေးရန်၊ စားကျက်မြေများအား အစိုးရက ပြန်လည်ပေးပြီးသော်လည်း အဖွဲ့အစည်းများက ရယူထားသဖြင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် စားကျက်မြေလိုအပ်နေပါကြောင်း၊ သောင်နုမြေများပေါ်ထွန်းလာသော်လည်း ယနေ့အထိ လယ်ယာမြေမဲ့များ ရှိနေသေးကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အရက်ပုန်းဆိုင်များ၊ လောင်းကစားဒိုင်များ ရှိနေကြောင်း၊ ကတိုက်ကြီးကျေးရွာတွင် အထက်တန်းကျောင်း ဖြစ်စေလိုကြောင်း တင်ပြချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အောက်ကွင်း ကိုးရွာရှိသည့်အတွက် ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံ ရရှိရန်လိုအပ်ကြောင်း၊ မြေနေရာလှူဒါန်းမည့်အလှူရှင်လည်းရှိပါကြောင်း၊ မိုးတွင်းမှာ ရေလွှမ်းမိုးမှုရှိနေမြဲဖြစ်နေသောကြောင့် ကတိုက်ကြီးချောင်းအား ချဲ့ထွင်တူးဖော်ပေးစေလိုကြောင်း၊ ချောင်းအတွင်း ကျားပိုက်ထောင်ခြင်းအတွက် လေလံချမထားပေးသင့်ကြောင်း ကတိုက်ကြီးကျေးရွာမှ ဦးရဲထွန်းက လည်းကောင်း၊ တောကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် တောကြီးကျေးရွာမှ ဦးမြင့်ဇော်က တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မြောက်ဦးမြို့နယ်ရှိ နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး မတ် ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ရွှေတောင်ဘုန်းကြီးကျောင်းကယ်ဆယ်ရေးစခန်းသို့ နှစ်ဖက်တိုက်ပွဲများကြောင့် ခိုလှုံရောက်ရှိလာသော နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့မှ ထောက်ပံ့ပစ္စည်းများ မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ပေးအပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်လှ ဦးစီးကာ ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀ တို့မှ တိုက်ပွဲရှောင်စခန်းများ ဖွင့်လှစ်ထားသော ရွှေတောင်ဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပေးအပ်ခဲ့သည်။

ထို့နောက် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ရွာဟောင်းတောကျေးရွာမှ ရွှေတောင်ဘုန်းကြီးကျောင်းတိုက်ပွဲရှောင်စခန်းသို့ ခိုလှုံရောက်ရှိလာသည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၃၇ စုအား တာလပတ် (မိုးကာ) ၃၇ ခုနှင့် ဆေးခြင်ထောင် ၇၀ တို့အား အိမ်ထောင်စုအလိုက်ပေးအပ်ခဲ့သည့်အပြင် ကြက်ခြေနီအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**မြောက်ဦးမြို့ရှိ နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

# ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့မအလှပြယာဉ်အား ရှေးလက်ရာအတိုင်းပြင်ဆင်၍ ဖျော်ဖြေသွားမည်

**မန္တလေး မတ် ၂၃**

ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့မအလှပြယာဉ်ကို ရွှေခေတ်မန္တလေးသင်္ကြန်ပုံရိပ်ကို ဖော်ထုတ်သည့်အနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ဝန်းကျင်က အလှဆင်အသုံးပြုခဲ့သည့် ဒီဇိုင်းလက်ရာများအတိုင်း ဒီဇိုင်းရေးဆွဲပြင်ဆင်၍ လှည့်လည်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း မြို့မအပျော်တမ်းတူရိယာ အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောကြားသည်။

"၁၉၆၉ ခုနှစ်နဲ့ ၁၉၇၅ ခုနှစ်အတွင်းက မြို့မအသင်းအနေနဲ့ မန္တလေးသင်္ကြန်ကာလမှာ မြို့တွင်းလှည့်လည်ဖျော်ဖြေဖို့ အလှပြယာဉ်ကို ပြင်ဆင်ခဲ့တဲ့ ရှေးလက်ရာဒီဇိုင်းပုံစံအတိုင်း ဒီနှစ်သင်္ကြန်မှာ အသုံးပြုအလှဆင်ဖို့ ဒီဇိုင်းရေးဆွဲနေပါတယ်။ အတိတ်က မန္တလေးသင်္ကြန်ကျင်းပခဲ့တဲ့ ပုံရိပ်တွေကို အမှတ်တရဖြစ်စေဖို့ ရိုးရှင်းတဲ့ ဒီဇိုင်းပုံစံတွေနဲ့ အလှပြယာဉ်ကို ပြင်ဆင်သွားမှာပါ" ဟု ၎င်းက ပြောသည်။

**ပိုမိုဆန်းသစ်တောက်ပ**

ထို့အပြင် အလှပြယာဉ် မီးအလှဆင်မှုများကိုလည်း ယခင်နှစ်များထက် ပိုမိုဆန်းသစ်တောက်ပမည့် LED မီးလုံးများ ထွန်းညှိအလှဆင်သွားမည်ဖြစ်ပြီး မြို့တွင်းလှည့်လည် ဖျော်ဖြေမှုအတွက် မြို့မအသင်း ပင်တိုင်တေးရေးဆရာကြီးများက သင်္ကြန်သီချင်းအသစ် ၁၂ ပုဒ်ကျော် ရေးစပ်ပေးထားပြီး မြို့မပင်တိုင်အဆိုတော်များက သင်္ကြန်သီချင်းအဟောင်းများနှင့်အတူ အလှည့်ကျဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့မတူရိယာအသင်း၏ ထူးခြားသော ဆောင်ရွက်မှုများအဖြစ် သင်္ကြန်မတိုင်မီ ဧပြီ ၁၂ ရက်နေ့ ညနေပိုင်းတွင် အနန္တ 4G+ အင်တာနက်ဝန်ဆောင်မှုမှ မန္တလေးသင်္ကြန်ပွဲတော်ကို မြို့မအလှပြယာဉ်နှင့်တွဲဖက်၍ ကြော်ငြာရိုက်ကူးမည့် အစီအစဉ်ကိုလည်း ဆောင်ရွက်သွားမည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း၌လည်း အဆိုတော် စိုင်းစိုင်းခမ်းလှိုင်နှင့်တွဲဖက်၍ သင်္ကြန်ဇာတ်ဝင်ခန်း ရိုက်ကူးမည့် အစီအစဉ်များလည်းရှိကြောင်း သိရသည်။

**လှည့်လည်ဖျော်ဖြေ**

မြို့မအပျော်တမ်းတူရိယာအသင်းက ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် အကြိုနေ့၌ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက်ပြီး မဟာမြတ်မုနိဘုရားကြီးသို့ ဦးတိုက်ကာ မြို့တော်တွင်းလှည့်လည်ဖျော်ဖြေမှုများကို သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မြန်မာ့အလင်း**

# (၃၂)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲ အခမ်းအနား ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပ

ရန်ကုန် မတ် ၂၃

**ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ (ရန်ကုန်) က ကြီးမှူးကျင်းပသည့် (၃၂) ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဓမ္မာရုံ ဂေါပကအဖွဲ့ ဦးဆောင်နာယက တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဒက္ခိဏာရာမ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒ၊ တိပိဋက ပုလဲရောင်ရှိန် စာသင်တိုက်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုန္ဒပါလနှင့် ကမ္ဘာလုံးဆိုင်ရာ ဓမ္မငြိမ်းချမ်းရေးဆုတံဆိပ်တော်ရ အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ ဆရာတော်များထံမှ ညွှန့်ပရိသတ်တို့က သြဝါဒတရားနာယူကြပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဒက္ခိဏာရာမ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒ၊ ကမ္ဘာလုံးဆိုင်ရာ ဓမ္မငြိမ်းချမ်းရေးဆုတံဆိပ်တော်ရ အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ အရိယဝံသနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကြာအင်းဆိပ်ကြီး ပရိယတ္တိသဒ္ဓမ္မဝါစီ မင်းကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတာဘိဝံသတို့၏ ထေရုပ္ပတ္တိအကျဉ်းများကို ဂေါပကအဖွဲ့ဝင်များက ဖတ်ကြားပူဇော်ကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၇ ပါး၊ ကမ္ဘာလုံးဆိုင်ရာ ဓမ္မငြိမ်းချမ်းရေးဆုတံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ စာပေထူးချွန်သံဃာတစ်ပါးနှင့် သီလရှင်ဆရာလေး တစ်ပါးတို့ကို ဓမ္မာရုံဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ကြာအင်းဆိပ်ကြီး ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတာဘိဝံသထံမှ ညွှန့်ပရိသတ်များက အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရခိုင်ပြည်နယ် ဓမ္မာရုံ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစောသိန်းက "နိုင်ငံတော်က လွတ်လပ်ရေးနေ့မှာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တွေ ချီးမြှင့်ခံရတဲ့ ရခိုင်ဆရာတော်တွေကို ရခိုင် ဒကာဒကာမတွေက ထပ်ဆင့်ဂုဏ်ပြု ပူဇော်တဲ့ပွဲဖြစ်ပါတယ်။ ကျင်းပလာတာ ယခုဆိုရင် (၃၂) ကြိမ်ရှိပြီ။ ထူးခြားမှုအနေနဲ့ ဒီနှစ်မှာတော့ ရခိုင်ဆရာတော်ကြီးတွေထဲက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ထဲမှာ အမြင့်ဆုံးဖြစ်တဲ့ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး ရရှိခဲ့ပါတယ်။ နောက်ထပ် ဒီနှစ်မှာ အလိုတော်ပြည့်ဆရာတော်ကြီးဆိုရင် ကမ္ဘာလုံးဆိုင်ရာ ဓမ္မငြိမ်းချမ်းရေးဆုကြီးကို ရရှိခဲ့ပါတယ်။ ဘွဲ့တံဆိပ်ရ၊ ဆုရ ဆရာတော်တွေကို ရခိုင်ဒကာဒကာမတွေ၊ ရခိုင်မြို့နယ်အသင်း၊ ရခိုင်လူမှုရေးအသင်းအဖွဲ့တွေက စုပေါင်းပြီး ထပ်ဆင့်ဂုဏ်ပြုပူဇော်တဲ့ပွဲ ဖြစ်ပါတယ်။ ဒီလိုပွဲမျိုးကို နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပသွားမယ်" ဟု ပြောသည်။



(၃၂) ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာပွဲအခမ်းအနား ကျင်းပစဉ်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - ရဲထွဋ်**

# Special Olympics World Games ပြိုင်ပွဲတွင် အောင်ပွဲရ မြန်မာအသင်းအားကြိုဆို

**ရန်ကုန် မတ် ၂၃**

UAE နိုင်ငံ ဒူဘိုင်းမြို့၌ မတ် ၈ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သော Special Olympics World Games 2019 ပြိုင်ပွဲတွင် Special Olympics Myanmar အသင်း ကစားနည်းသုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် Special Olympics Myanmar အသင်းမှ စုနန္ဒာဝင်းက မီတာ ၁၀၀ လမ်းလျှောက်တွင် ရွှေတစ်ခု၊ ထွန်းတာရာက မီတာ ၂၀၀ အပြေးတွင် ရွှေတစ်ခု၊ ခင်လပြည့်က မီတာ ၁၀၀ နှင့် မီတာ ၂၀၀ အပြေးတွင် ငွေတစ်ခုစီ၊ သီဟကျော်ဆန်းက မီတာ ၂၅ အပြေးတွင် ငွေတစ်ခု၊ သီဟကျော်ဆန်းက မီတာ ၅၀ အပြေးတွင် ကြေးတစ်ခု၊ ခိုင်ဇာသွယ်က ဘိုချီပြိုင်ပွဲတွင် ကြေးတစ်ခု ရရှိခဲ့ကြောင်း သိရသည်။



ဒူဘိုင်းမြို့၌ ကျင်းပသည့် Special Olympics World Games ပြိုင်ပွဲတွင် အောင်ပွဲရ Special Olympics Myanmar ကစားသမားများအား ကြိုဆိုကြစဉ်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲက လေးနှစ်တစ်ကြိမ်ကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ကလေးတွေက မြန်မာနိုင်ငံကိုယ်စားပြု ကမ္ဘာ့အလယ်မှာ သွားရောက်ယှဉ်ပြိုင်ရတာ ဂုဏ်ယူမိတယ်။ ဒီပြိုင်ပွဲမှာ ဉာဏ်ရည်မမီ မသန်စွမ်းပါတဲ့အတွက်ကြောင့် ကလေးတွေရဲ့မျက်နှာကို ကြည့်ပြီး နွေးထွေးမှုပေးရပါတယ်။ ဆုရခြင်း မရခြင်းမထားဘဲ ကျန်းမာရေးပျော်ရွှင်မှုနဲ့ စားသောက်မှုကို ပေးရပါတယ်။ ဆုတံဆိပ်များရလို့ ပျော်ရွှင်ရပါတယ်။ ကမ္ဘာ့ပြိုင်ပွဲမှာ ကလေးတွေ ရဲရဲဝံ့ဝံ့ ယှဉ်ပြိုင်နိုင်တဲ့အတွက်ကြောင့် ဂုဏ်ယူမိပါတယ်" ဟု ဒုတိယအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောသည်။

**သောင်းသောင်းဖြဖြ ကြိုဆို**

ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ခန့်ပါဝင်ပြီး ကစားသမား ၇၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ Special Olympics Myanmar အသင်းအဖွဲ့ခေါင်းဆောင် ဦးစိန်ဝုက်၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမျိုးအောင်၊ နည်းပြသုံးဦးနှင့် အားကစားသမားကိုးဦးတို့သည် မတ် ၂၂ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ ရန်ကုန်ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူ၊ ကစားသမားများနှင့် မိဘဆွေမျိုးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ Special Olympics Myanmar အသင်းသည် ၂၀၁၃ ခုနှစ်က သြစတြေးလျနိုင်ငံတွင် ကျင်းပခဲ့သည့် Special Olympics World Games ပြိုင်ပွဲတွင် ငွေနှစ်ခု၊ ကြေးတစ်ခုသာ ရရှိခဲ့သည်။

**ကျင်းပသွားမည်ဖြစ်**

ယင်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ်တွင် ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# ဇီဝိတဒါနသံဃာ့ဆေးရုံအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မတ် ၂၃**

ဇီဝိတဒါနသံဃာ့ဆေးရုံအသင်း (ရန်ကုန်) ၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၁၈) ကို ယနေ့ နံနက် ၁၀ နာရီခွဲက ဆေးရုံကြီး၏ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇီဝိတဒါနသံဃာ့ဆေးရုံအသင်းဥက္ကဋ္ဌ ဦးဝင်းလွင်က "ကျွန်တော်တာဝန်ယူစဉ်ကာလအတွင်း အသုံးစရိတ်လျှော့၍ သုံးစွဲနိုင်ခဲ့တဲ့အတွက် အသားတင် ပိုငွေတွေရရှိခဲ့ပါတယ်။ အလှူရှင်တွေရဲ့သဒ္ဓါတရားထက်သန်မှု၊ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ၊ ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်တွေ၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်တွေအားလုံး ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း သံဃာ၊ သီလရှင်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားပါမယ်" ဟု ပြောသည်။

ယင်းနောက် အသင်း၏ ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာတင်သွင်းခြင်းကို ဘဏ္ဍာရေးမှူး ဦးတင်မြင့်က လည်းကောင်း၊ ဆေးရုံအသင်းစည်းမျဉ်းပြင်ဆင်/ဖြည့်စွက်ရန် ကိစ္စရပ်များတင်ပြခြင်းကို အတွင်းရေးမှူး ဦးအေးမောင်သန်းတို့က လည်းကောင်း အသီးသီးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော အသင်းသား အသင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ၁၉၄၀ ပြည့်နှစ် မေ ၈ ရက်က စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၇၉နှစ်အတွင်း သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို အခမဲ့ဆေးကုသမှုပေးခဲ့သည်မှာ ၂၀၁၈ ခုနှစ် တစ်နှစ်တာအတွင်း ရောဂါရှာဖွေပေးခြင်း ၂၂၅၈၇ ဦး၊ ပြင်ပလူနာ ၁၁၆၄၆ ဦး၊ အထူးကုပြင်ပလူနာ ၆၆၅၉၄ ဦးနှင့် အတွင်းလူနာ ၂၃၆၃ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းအောင်ရှိန်**

# ကျောင်းကုန်းမြို့နယ်၌ ရှေးဟောင်းဒင်္ဂါးပြားများ တွေ့ရှိ



ကျောင်းကုန်းမြို့နယ်၌ ရေတွင်းဆယ်ယူရာမှရရှိသည့် ရှေးဟောင်းဒင်္ဂါးပြားများ

**ကျောင်းကုန်း မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် နတ်ရေတွင်းကျေးရွာ၌ ယမန်နေ့ မွန်းလွဲပိုင်းက ရေတွင်းဆယ်ယူရာမှ သက်တမ်း ၁၃၄ နှစ်ရှိ ရှေးဟောင်းဒင်္ဂါးပြားများ တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

နတ်ရေတွင်းကျေးရွာမှ ဒေသခံများသည် နှစ်စဉ်နှစ်တိုင်း ရေတွင်းကို ဆယ်ယူသန့်စင်လေ့ရှိပြီး ယခုနှစ်တွင် သဲများ၊ နုန်းမြေများဆယ်ယူရင်း ရေထွက်သည့် စမ်းပေါက်အတွင်းမှ ရှေးဟောင်းဒင်္ဂါးပြား ၁၂၇ ပြားနှင့် မြေအိုးငယ်လေးနှစ်လုံး ရရှိခြင်းဖြစ်ကာ ယခင်နှစ်များအတွင်းကလည်း ရွှေအစစ်လက်ဝတ်ရတနာများ ရရှိခဲ့ဖူးကြောင်း ဒေသခံများက ပြောသည်။

**ခုနှစ်ရက် ပြထားမည်**

ရေတွင်းထဲမှရရှိသည့် ပစ္စည်းများကိုဖော်ယူတွေ့ရှိသူများက ရှေးဟောင်းပစ္စည်းဟု ယူဆထားကြပြီး နတ်ရေတွင်း ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံတွင် ခုနစ်ရက် ပြထားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**




## မြန်မာ့ရုပ်မြင်သံကြား

၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - တရုတ်ကာတွန်း "ငါးကြင်းလေးရဲ့ စွန့်စားခန်း" (အပိုင်း-၅)
- ၉း၀၅ - လုပစုံလင်အာဆီယံတစ်ခွင်
- ၉း၁၅ - "ကြယ်ရောင်လမ်း"(၉)
- ၉း၃၅ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ - "တီဘီရောဂါကင်းဝေးဖို့ ကဏ္ဍပေါင်းစုံလက်တွဲလို့ ယနေ့မှစ ဆောင်ရွက်စို့" (ပထမပိုင်း)
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - "၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားထုတ်လွှင့်မှု အစီအစဉ်"

**ညပိုင်း**

- ၁၇း၄၅ - AFC U-23 Championship (2020) Qualifier ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာ ယူ-၂၃ အသင်းနှင့် မကာအို ယူ-၂၃ အသင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- - မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း (အပိုင်း-၁၁) "ညိုညိုစန်း၊ အမာစိန်၊ နွဲ့နွဲ့စန်း" မင်းသမီး-ဒါလီလင်း၊ လူရွှင်တော်-ကောင်းကျော်၊ ချာလီ၊ ကံပွင့်၊ မိုးပွင့်

# ရေခေါင်းချောင်းကျေးရွာအနီး AA အဖွဲ့က တပ်မတော်လုံခြုံရေးစစ်ကြောင်းအား စောင့်ကြိုတိုက်ခိုက်

**နေပြည်တော် မတ် ၂၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စေတောင်ကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား မတ် ၂၂ ရက် နံနက်တွင် AA အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်မှ စစ်သည်အချို့ကျဆုံးဒဏ်ရာရရှိပြီး AA အဖွဲ့မှ အလောင်း ၃ လောင်း ရရှိခဲ့ကြောင်း သိရသည်။

မတ် ၂၂ ရက် နံနက် ၆ နာရီခွဲခန့်တွင် AA အဖွဲ့မှ အင်အား ၃၀ ခန့်က ရေခေါင်းချောင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၄၀၀ ခန့်အကွာမှ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လည်းကောင်း၊ ညနေ ၄ နာရီခွဲခန့်တွင် အင်အား ၅၀ ခန့်က ရေခေါင်းချောင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၈၀၀ ခန့်အကွာမှ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လည်းကောင်း တပ်မတော်စစ်ကြောင်းများအား စောင့်ကြိုတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်ဘက်မှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်များတွင် မိမိဘက်မှ စစ်သည်အချို့ကျဆုံး/ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ AA အဖွဲ့မှ အားကစားဝတ်စုံ အရပ်ဝတ်များဝတ်ဆင်ထားသည့် အလောင်း ၃ လောင်းအား ရေခေါင်းချောင်းကျေးရွာအနီး AA အဖွဲ့ နေရာယူပစ်ခတ်ခဲ့သည့် နေရာတစ်ဝိုက်တွင် တွေ့ရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာများအား အသုံးပြုအကာအကွယ်ရယူလျက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများအား မိုင်းထောင်/မိုင်းဆွဲ တိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းများ ပြုလုပ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ ပြန်လည်ခုခံရသည့်အခါ ရပ်ကွက်၊ ကျေးရွာများအတွင်း မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများ ရှိလာနိုင်သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့၊ ရပ်ကွက်နှင့် ကျေးရွာများ၌ AA အဖွဲ့အား လက်မခံကြရန်နှင့် မြို့၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဝင်ရောက်လာပါကလည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေး အဖွဲ့အစည်းများသို့ သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၇ သိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၃**

မောင်တောမြို့နယ် အငူမော်-မောင်တောသွား ကားလမ်းတွင် ယာဉ်တစ်စီးပေါ်မှ တန်ဖိုးငွေကျပ် ၃၄၉၀၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ သိန်းကျော်ကို မတ် ၂၀ ရက် ညနေပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၂၀ ရက် ညနေ ၄ နာရီခန့်က အငူမော် - မောင်တောသွားကားလမ်းတွင် အငူမော် ဘက်မှ မောင်တောဘက်သို့ ယာဉ်မောင်း အေးမင်းအောင် မောင်းနှင်လာသည့် Toyota Gaia ယာဉ်အား ရှာဖွေ စစ်ဆေးရာမှ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၅၂၅၀ ကို ဖမ်းဆီး ရမိခြင်းဖြစ်သည်။

သို့ဖြစ်၍ ယာဉ်မောင်း အေးမင်းအောင်အား အင်းဒင်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



အေးမင်းအောင်နှင့်အတူ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

## နောင်ချိုနှင့် လောက်ကိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် နံနက်ပိုင်းက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် လောက်ဝိန်း၏ ဆာလာအိတ်အတွင်းမှ ဆပ်ပြာခွက် ၄၄ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၄၈၄ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်က လောက်ကိုင်မြို့နယ် ကာပူချိုင်ကျေးရွာလမ်းဆုံတွင် လီလောက်စန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မင်းတပ်၊ မန္တလေး၊ ရန်ကုန်နှင့် မတ္တရာမြို့တို့၌ မီးလောင်မှုဖြစ်ကာ နေအိမ်အဆောက်အအုံအချို့ ဆုံးရှုံး

**မင်းတပ်**

မင်းတပ်မြို့အနောက်ရပ်ကွက် ကွက်စိပ် (၄) ၌ ယမန်နေ့ ည ၁၁ နာရီက လူနေအိမ်လေးလုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ရပ်ကွက်နေ ဦးထန်းနိုင်းနေအိမ်၌ အသုံးပြုသည့် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှု စတင်ဖြစ်ပွားခဲ့ရာ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများက ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသဖြင့် ည ၁၁ နာရီခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးထန်းနိုင်း၏ သုံးထပ်အိမ်တစ်လုံး၊ ဦးရွှေထန်း၏ သုံးထပ်နေအိမ်တစ်လုံး၊ ဦးဟာထန်း ပိုင်ဆိုင်သော သုံးထပ်အိမ်တစ်လုံးနှင့် ဦးနားဟုန်း၏ လေးထပ်နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးသင့်အိမ်ထောင်စု လေးခုရှိ လူဦးရေ ၂၆ ဦးသည် နီးစပ်ရာ ဆွေမျိုးများအိမ်တွင် ယာယီပြောင်းရွှေ့ထားပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးထန်းနိုင်းကို မင်းတပ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မန္တလေး**

ပုသိမ်ကြီးမြို့နယ် ပုဂံတပ်ကျေးရွာနေ ဒေါ်နီ၏ တစ်ထပ်နေအိမ်ပေါ်တွင် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က ဆိုလာပြားအားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ်အစီး ၂၀ ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် စုစုပေါင်း ခြေတံရှည်နေအိမ်ငါးလုံးနှင့် နွားစာတဲနှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ မီးဘေးသင့်အိမ်ထောင်စု ခုနစ်စုမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၈ ဦးတို့အား ကျေးရွာရှိ အောင်ဗိမာန်ဓမ္မာရုံတွင် ယာယီရွှေ့ပြောင်းထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒေါ်နီအား ပုသိမ်ကြီးမြို့နယ် ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် တွင် မတ် ၂၃ ရက် နံနက် ၄ နာရီ ၁၇ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

နံနက်၄ နာရီ ၁၇ မိနစ်ခန့်က ရန်ကင်းမြို့နယ် (၁) ရပ်ကွက် အရိယမဂ္ဂင်လမ်းအတွင်း RC ခြောက်ခန်းတွဲ လေးထပ်တိုက် ဘယ်အစွန်မြေညီထပ် အခန်း (၁) တွင် တပ်ဆင်ထားသော မီးအားမြှင့်စက်အတွင်းရှိ ဝိုင်ယာကြိုး အပူလွန်ကဲရာမှ စတင်မီးလောင်ခြင်းဖြစ်ပြီး အခန်းတွင်းရှိ ပစ္စည်းများဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အချို့မှ မီးငြိမ်းသတ်ယာဉ် ၁၄ စီးနှင့် အထောက်အကူပြုယာဉ်များ၊ ကွပ်ကဲမှုယာဉ်များနှင့်အတူ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၉၅ ဦးတို့က လာရောက်ငြိမ်းသတ်ပေးခဲ့ကြသည်။

ကနဦး မီးသတ်ဆေးဘူးများဖြင့် ပြည်သူများက ဦးစွာငြိမ်းသတ်ပေးခဲ့ကြပြီးနောက် မီးငြိမ်းသတ်ယာဉ်များ ရောက်ရှိလာပြီး မီးငြိမ်းသတ်ရာ နံနက် ၄ နာရီ ၃၈ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ပိုင်ရှင် ဒေါ်ကျင်အေး (၆၁ နှစ်) အား ရန်ကင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**



မင်းတပ်မြို့၌ မီးလောင်မှုဖြစ်ပွားသည့်နေအိမ်အား မီးသတ်တပ်ဖွဲ့ဝင်နှင့်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

**မတ္တရာ**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဆူးလေကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် မတ် ၂၂ရက် ည ၈ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်ဦးစီးမှူး ဦးသန့်ဇော်ဦး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးနှင့် မတ္တရာမြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီခွဲတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် တစ်ထပ်လေသာဆောင်တစ်ဆောင်၊ နားနေဆောင် နှစ်ဆောင်နှင့် ဆွမ်းစားဆောင်တစ်ဆောင် စုစုပေါင်းအဆောက်အအုံ လေးလုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဂိုလန်ကုန်းမြင့်အရေး ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မည်

**ပေကျင်း မတ် ၂၃**

ပိုင်နက်နယ်မြေအငြင်းပွားမှုများဖြစ်ပေါ်နေသော ဂိုလန်ကုန်းမြင့်အရေးနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ၏ သဘောတူညီချက်များနှင့်အညီ ညှိနှိုင်းအဖြေရှာကြရန် သက်ဆိုင်ရာနိုင်ငံများအား တရုတ်နိုင်ငံက ယမန်နေ့က တိုက်တွန်းပြောကြားလိုက်သည်။

အဆိုပါကိစ္စနှင့် သက်ဆိုင်သော ထုတ်ပြန်ချက်များ ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကိန်းစွမ်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်အနေဖြင့် ဂိုလန်ကုန်းမြင့်ကို အစ္စရေးနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုရန် အချိန်တန်ပြီဖြစ်ကြောင်းနှင့် ယင်းကုန်းမြင့်မှာ အစ္စရေးနိုင်ငံ၏ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် မဟာဗျူဟာမြောက် အရေးပါသလို လုံခြုံရေးအရလည်း အလွန်အရေးကြီးကြောင်း မတ် ၂၁ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုသို့ပြောကြားခဲ့ပြီးနောက် ဂိုလန်ကုန်းမြင့်၏ အချုပ်အခြာပိုင်နက်နှင့် ပတ်သက်ပြီး အီးယူ၏ ရပ်တည်ချက်မှာ ပြောင်းလဲမှုမရှိကြောင်းနှင့် ယင်းဒေသကို အစ္စရေးနိုင်ငံပိုင်နက်အဖြစ် အသိအမှတ်မပြုထားကြောင်းကို ဥရောပသမဂ္ဂ (အီးယူ)၏ ပြောရေးဆိုခွင့်ရှိသူက တုံ့ပြန်ပြောကြားခဲ့သည်။

အဆိုပါကုန်းမြင့်အပါအဝင် အာရပ်ပိုင် နယ်မြေများအရေးနှင့် ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂ နှင့် ၃၃၈ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု ကိန်းက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များ၊ နိုင်ငံတကာကျင့်ထုံးများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများက ဆွေးနွေးညှိနှိုင်းပြီး အငြင်းပွားဖွယ်ကိစ္စရပ်များကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားခြင်းအပေါ်ကို အမြဲထောက်ခံအားပေးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။


တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကိန်းစွမ်း

ထို့အပြင် အရှေ့အလယ်ပိုင်းဒေသတွင် ထာဝရတည်ငြိမ်ရေး အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရန်ကိုလည်း ထောက်ခံအားပေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**


ပေါက်ကွဲမှုဖြစ်ပွားခဲ့သော နေရာကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ ဓာတုဗေဒစက်ရုံပေါက်ကွဲမှု သေဆုံးသူ ၆၄ ဦးအထိရှိလာ

**ပေကျင်း မတ် ၂၃**

တရုတ်နိုင်ငံ ဓာတုဗေဒစက်ရုံ ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေမှာ မတ် ၂၃ ရက်တွင် ၆၄ ဦးအထိရှိလာပြီး အပျက်အစီးများကြားတွင် လူပေါင်း နှစ်ဒါဇင်ခန့် ပျောက်ဆုံးနေသည်။ ကယ်ဆယ်ရေးသမားများသည် ပျောက်ဆုံးနေသူများထဲမှ အသက်ရှင် ကျန်ရစ်သူများကို ရှာဖွေနေကြသည်။

အဆိုပါ ပေါက်ကွဲမှုမှာ မကြာသေးခင် ကာလများအတွင်း တရုတ်ပြည်တွင် ဖြစ်ပွားခဲ့သော အဆိုးရွားဆုံး စက်ရုံပေါက်ကွဲမှုလည်း ဖြစ်သည်။ ယန်ချန်းမြို့ အရှေ့ပိုင်းတွင် မတ် ၂၁ ရက်က ဓာတုဗေဒစက်ရုံပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူပေါင်းရာနှင့်ချီ၍ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များက အသက် ၄၀ ဝန်းကျင် အမျိုးသားတစ်ဦးကို အပျက်အစီးများကြားမှ ကယ်တင်နိုင်ခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာဖြစ်သည့် ဝီဘိုတွင် ဖော်ပြထားသည်။

ပျောက်ဆုံးနေသည့် လူပေါင်း ၂၈ ဦးကို ကယ်ဆယ်ရေးသမားများက ဆက်လက်ရှာဖွေနေကြဆဲဖြစ်သည်ဟု ယန်ချန်းမြို့တော်ဝန်က ပြောသည်။ ပျောက်ဆုံးနေသောသူများနှင့် သေဆုံးသွားသူများ၏ ကိုယ်ရေးအချက်အလက်များကို အတည်ပြုနိုင်ရန် မိသားစုဝင်များကို မေးမြန်းခြင်း၊ ဒီအင်န်အေ စစ်ဆေးခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း ယန်ချန်းမြို့တော်ဝန်က ပြောသည်။

ပေါက်ကွဲမှုအပြီး လူပေါင်း ၆၀၀ ကျော်ခန့်မှာ ဆေးကုသမှုခံယူပြီးကြောင်း ဒေသအစိုးရမှ ပြောသည်။ ၎င်းတို့ထဲတွင် ၂၁ ဦးမှာ အခြေအနေဆိုးရွားပြီး ၇၃ ဦးမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိထားသည်။

နေအိမ်ပေါင်း ၈၉ လုံးခန့်မှာ လုံးဝပျက်စီးသွားပြီး မိသားစုဝင်များမှာ ယင်းအဆောက်အအုံများကို ဖြိုချပြီး တခြားနေရာများတွင် ပြန်လည်အခြေချနေထိုင်ခဲ့ကြသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းလျက်ရှိပြီး လူအချို့ကို ရဲဌာနသို့ ခေါ်ဆောင်ကာ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း မည်သူကို ဖမ်းဆီးထားသည်ကိုမူ မသိရသေးကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

၂၀၁၅ ခုနှစ်ကလည်း တရုတ်နိုင်ငံတွင် ဓာတုဗေဒစက်ရုံကြီး ပေါက်ကွဲခဲ့သည့်အတွက် လူပေါင်း ၁၆၅ ဦးအထိ သေဆုံးခဲ့ရသည်။

**အေအက်ဖ်ပီ**

# ရွေးကောက်ပွဲအနိုင်ရပါက ဒီမိုကရေစီဖော်ဆောင်ပေးမည်ဟု ဝန်ကြီးချုပ် ပရာယုချန်အိုချာပြော

**ဗန်ကောက် မတ် ၂၃**

ထိုင်းနိုင်ငံ၏ ငါးနှစ်ကြာကာလအတွင်း ပထမဆုံးအကြိမ်ကျင်းပမည့် ရွေးကောက်ပွဲကို မတ် ၂၄ ရက်တွင် ပြုလုပ်တော့မည်ဖြစ်သည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် ၂၀၁၄ ခုနှစ်က အာဏာသိမ်းခဲ့သည့် ဝန်ကြီးချုပ် ပရာယုချန်အိုချာနှင့် ဒီမိုကရေစီအုပ်စုများကြား ယှဉ်ပြိုင်ရမည့် ရွေးကောက်ပွဲဖြစ်ကြောင်း သိရသည်။

ပရာယုက ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပါက ဒီမိုကရေစီဖော်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရဆိုသည့် မူဝါဒရှိသည့်အတွက် ယခုရွေးကောက်ပွဲကို ဂရုတစိုက် စောင့်ကြည့်နေကြကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ထိုင်းတပ်မတော်က အာဏာသိမ်းပိုက်ပြီးချိန်မှစကာ ထိုင်းနိုင်ငံအတွင်း ဆန္ဒသဘောထား လွတ်လပ်စွာထုတ်ဖော်ခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် သတင်းလွတ်လပ်ခွင့်များသည် ထိုင်းနိုင်ငံသမိုင်းတွင် မကြုံစဖူး လျော့နည်းခဲ့ကြောင်း သုံးသပ်သူများက ပြောသည်။

ယခုလာမည့် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ပရာယုချန်အိုချာသည် လူကြိုက်များလျက်ရှိပြီး ၎င်းသည် တရားဝင်ဝန်ကြီးချုပ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**


ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုချန်အိုချာ

# ဗင်နီဇွဲလားအပေါ် အမေရိကန်က နောက်ထပ်ပိတ်ဆို့မှု ထားရှိ

**ကရာကတ် မတ် ၂၃**

အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလားအမျိုးသားဖွံ့ဖြိုးတိုးတက်မှုဘဏ်နှင့် လက်အောက်ခံ ဘဏ်ခွဲများကို ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။ အဆိုပါဘဏ်မှာ ဗင်နီဇွဲလားသမ္မတ နီကိုလပ် မာဒူရိုကို ရန်ပုံငွေများ အဓိကထောက်ပံ့ပေးနေသည့်အတွက် ယခုလို ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက မတ် ၂၂ ရက်က ယင်းပိတ်ဆို့မှုပြစ်ဒဏ်ကို ချမှတ်ခဲ့ပြီး ပိတ်ဆို့မှုခံရသည့်စာရင်းတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဘဏ်၊ အဆိုပါဘဏ်၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့် အခြားသော ဘဏ္ဍာရေးဆိုင်ရာ ကုမ္ပဏီလေးခုကို ထည့်သွင်းထားကြောင်း သိရသည်။ ဗင်နီဇွဲလားအစိုးရအဖွဲ့သည် အဆိုပါအဖွဲ့အစည်းများက သမ္မတမာဒူရိုကို အထောက်အပံ့ဖြစ်စေရန် ဘဏ္ဍာငွေများကို နိုင်ငံခြားသို့ ထုတ်ယူရာတွင် အသုံးပြုခဲ့သည့်အတွက် ယခုလိုပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘက်မှ ရှင်းလင်းထားသည်။

ဗင်နီဇွဲလားအမျိုးသားဖွံ့ဖြိုးမှုဘဏ် တည်ထောင်ရခြင်း၏ မူလရည်ရွယ်ချက်များမှာပျက်စီးသွားကြောင်း၊ မူလအစရည်ရွယ်ချက်မှာ ဗင်နီဇွဲလားပြည်သူများ၏ လူမှုဘဝနှင့်စီးပွားရေးကို အကူအညီပေးရန် ရည်ရွယ်ကာ တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘက်မှ ပြောသည်။ ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ဂျူအန်ဂွိုက်ဒို၏ လက်ထောက်ဖြစ်သူ အဖမ်းခံရပြီးနောက် ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ပိတ်ဆို့မှုပြစ်ဒဏ်သစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ရောဘာတို မာရီရိုနှင့် အခြားနိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်လည်း အမေရိကန်ဘက်မှတောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိုင်အက်စ်တို့ကို အမြစ်ပြတ် နှိမ်နင်းနိုင်ပြီဟု ကြေညာ

**ဒမတ်စကတ် မတ် ၂၃**

ငါးနှစ်ကြာ သက်တမ်းရှိခဲ့သော အိုင်အက်စ်အဖွဲ့ကို အမြစ်ပြတ်နှိမ်နင်းနိုင်ခဲ့ပြီဟု ကာ့ဒ်ဦးဆောင်သော တပ်ဖွဲ့ဝင်များက မတ် ၂၃ ရက်တွင် ကြေညာခဲ့သည်။

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ အိုင်အက်စ်တို့၏ နောက်ဆုံးခိုအောင်းရာနေရာမှ အိုင်အက်စ်တို့ကို တိုက်ထုတ်ခဲ့ပြီးနောက် ယင်းသို့ ကြေညာခဲ့ခြင်းဖြစ်သည်။ ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)က အိုင်အက်စ်တို့ကို အပြည့်အဝရှင်းလင်းနိုင်ခဲ့ပြီဖြစ်ပြီး နယ်မြေ ၁၀၀ ရာခိုင်နှုန်းတွင် အိုင်အက်စ်တို့ကို နှိမ်နင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ မူစတက်ဖာ ဘာလီက ပြောကြားခဲ့သည်။ ယူဖရိတ်ဒေသရှိ အိုင်အက်စ်တို့ နောက်ဆုံးထိန်းချုပ်ထားရာ ဘတ်ဟိုဇ်ကျေးရွာကို အပြည့်အဝထိန်းချုပ်နိုင်လိုက်ပြီ ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ အမေရိကန်ကို ကျောထောက်နောက်ခံပြုထားသည့် ကာ့ဒ်-အာရပ် မဟာမိတ်အဖွဲ့မှ တိုက်ခိုက်ရေးသမားများသည် ဘတ်ဟိုဇ်ကျေးရွာတွင် ၎င်းတို့၏ အဝါရောင်အလံကို မတ် ၂၃ ရက်က လွှင့်ထူခဲ့ပြီး အောင်မြင်မှုအထိမ်းအမှတ်ပွဲ ကျင်းပခဲ့သည်။ **အေအက်ဖ်ပီ**

# မြောက်ကိုရီးယားအပေါ် နောက်ထပ်ပိတ်ဆို့မှု ပြစ်ဒဏ်များမရှိတော့ဟုဆို

**ပြုံယမ်း မတ် ၂၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားအပေါ် နောက်ထပ်ချမှတ်ထားသော ပိတ်ဆို့မှုပြစ်ဒဏ်များကို ရုပ်သိမ်းရန် အမိန့်ပေးထားကြောင်း တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက မတ် ၂၂ ရက်နေ့တွင် မြောက်ကိုရီးယားအပေါ် ကြီးမားသည့် ပိတ်ဆို့မှုပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း ကြေညာခဲ့ရာ ယင်းကိုရည်ရွယ်၍ ထရမ့်က အခုလိုပြောကြားခဲ့ခြင်း ဖြစ်ကြောင်း အချို့သော တွစ်တာ အသုံးပြုသူများက ပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနက မြောက်ကိုရီးယားအပေါ် ပိတ်ဆို့ထားမှုများကို ရှောင်ရှားရန် ကြိုးပမ်းခဲ့သည့် တရုတ်သယ်ယူပို့ဆောင်ရေးကုမ္ပဏီ နှစ်ခုကို ပိတ်ဆို့မှုပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

မည်သည့်ပိတ်ဆို့မှုကို ထရမ့်က ရည်ညွှန်းသည်ကိုမူ မသိရသေးပေ။ ထရမ့်အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို နှစ်သက်သည်ဟု ဖော်ပြခဲ့ခြင်းမရှိသော်လည်း နောက်ထပ် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများ မလိုအပ်တော့ဟု ထရမ့်က ထင်မြင်ယူဆကြောင်း အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒရာက ပြောသည်။

မြောက်ကိုရီးယား၌ နျူကလီးယား လက်နက်ကင်းစင်ရေးအတွက် ပိတ်ဆို့မှုပြစ်ဒဏ်များသည် အရေးပါသည်ဟု ထရမ့်အစိုးရက ထုတ်ဖော်ပြောကြားခဲ့ဖူးရာ ယခု ထရမ့်၏ မှတ်ချက်သည် အစိုးရအဖွဲ့၊ ယခင်က ပြောဆိုမှုနှင့် ဆန့်ကျင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံ ဟိုလီပွဲတော်တွင် လူငါးဦး ရေနစ်သေဆုံး

**မွန်ဘိုင်း မတ် ၂၃**

အိန္ဒိယနိုင်ငံမွန်ဘိုင်းမြို့မှ ၈၅ ကီလိုမီတာအကွာရှိ အာနာလာကမ်းခြေတွင် နွေဦးရောင်စုံပွဲတော်ဖြစ်သည့် ဟိုလီပွဲတော်ကို ကျင်းပပြီးနောက် ပွဲသို့ လာရောက်ဆင်နွှဲသူ ငါးဦးရေနစ်သေဆုံးကြောင်း သိရသည်။

အဆိုပါပွဲတော် ကျင်းပပြီးနောက် သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ပြီး အခြားသူများမှာ ပျောက်ဆုံးနေသေးကြောင်း ပေါလ်ဂါခရိုင် သဘာဝစီမံခန့်ခွဲမှုလုပ်ငန်း တာဝန်ရှိသူများက ယမန်နေ့က ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များလည်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဟိုလီပွဲတော်ကျင်းပရာ ကမ်းခြေသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ရေနစ်သေဆုံးသူများသည် ဟိုလီပွဲတော်မှ ဆေးရောင်များကို ဆေးကြောရန်အတွက် ပင်လယ်သို့ သွားရောက်စဉ် ဒီရေမြင့်တက်လာသောကြောင့် မျောပါသွားခဲ့ရခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လှေတိမ်းမှောက် ၉၃ ဦးထက်မနည်း သေဆုံး

**ဘဂ္ဂဒက် မတ် ၂၃**

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ တီဂရစ်မြစ်အတွင်း ယမန်နေ့က လှေနစ်မြုပ်မှုဖြစ်ပွား၍ ၉၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့မှ ၄၀၀ ကီလိုမီတာအကွာတွင်ရှိသော မိုဆူးလ်မြို့မြောက်ဘက်ရှိ Umal Rabeein ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာ ကျွန်းငယ်သို့ လှေဖြင့် မြစ်ကမ်းနံဘေးမှ ဖြတ်သွားစဉ် ရေမျက်နှာပြင် မြင့်တက်လာခြင်းကြောင့် လှေတစ်စင်း တိမ်းမှောက်နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူ ၉၃ ဦးတွင် အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်ဟု သိရသည်။ ယင်းလှေ မြစ်အတွင်း နစ်မြုပ်မှုတွင် သေဆုံးသူများ၏ ရုပ်အလောင်းများအားလုံးကို ဆယ်ယူရရှိခဲ့ကြောင်းနှင့် အသက်ရှင်ကျန်သူ ၅၅ ဦးကိုလည်း ကယ်ဆယ်ရရှိခဲ့ပြီး ကလေးငယ် ၁၉ ဦးပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆတ်မန်းက သတင်းထုတ်ပြန်ကြေညာခဲ့သည်။

မြို့ပြကာကွယ်ရေးသတင်းအရင်းအမြစ်များအရ အဆိုပါလှေကို ခရီးသွားလုပ်ငန်းတစ်ခုကပိုင်ဆိုင်ပြီး လူ ၃၀ သာတင်ဆောင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်ကို ၎င်းတို့က လူပေါင်း ၁၀၀ ကျော်တင်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

# နိုင်ငံရေးမှာ ငြိမ်းချမ်းရေးမရသေးတဲ့ ဗင်နီဇွဲလား

*ထွန်းသစ်စ*

**ဗင်နီဇွဲလားနိုင်ငံမှာ လတ်တလောနိုင်ငံရေးဖြစ်စဉ်တွေကို သုံးသပ်ကြည့်မယ်ဆိုရင် ဆူပူအုံကြွမှုတွေနဲ့အတူ ဘေးဒုက္ခအကျပ်အတည်းခံစားနေရတဲ့နိုင်ငံထဲကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ ဝင်ရောက်မလာအောင် တားမြစ်ထားတဲ့အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။ ထို့အတူ ဂျူအန်ဂွိုက်ဒိုကလည်း ဗင်နီဇွဲလားပြည်သူတွေအတွက် လုပ်ဆောင်ပေးဖို့ အမျိုးမျိုးကြိုးစားနေတဲ့အချိန်မှာ မာဒူရိုကလည်း အမျိုးမျိုးဟန့်တားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ လတ်တလောမှာ ဗင်နီဇွဲလားနိုင်ငံရေးဟာ မတည်ငြိမ်သေးသလို ငြိမ်းချမ်းရေးလည်း မရသေးပါဘူး။**



လက်ရှိ ဗင်နီဇွဲလားသမ္မတ မာဒူရိုကို တွေ့ရစဉ်။

**ထွက်ပြေးနေတဲ့ လူဦးရေများလာ**

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို အခုတော့ ဗင်နီဇွဲလား ကြားဖြတ်သမ္မတအဖြစ် နိုင်ငံပေါင်း ၅၀ ကျော်က အသိအမှတ်ပြုထားပါတယ်။ ပြည်သူကိုဦးဆောင်နေတဲ့ ဂျူအန်ဂွိုက်ဒိုဟာ ဖေဖော်ဝါရီ ၁၂ ရက်မှာ လက်ရှိ သမ္မတမာဒူရိုကို ဖိအားပေးပြီး အထောက်အပံ့ပစ္စည်းတွေကို ပိတ်ဆို့ထားတဲ့ တပ်ဖွဲ့ဝင်တွေကို ခွင့်ပြုပေးဖို့လည်း ဆက်လက်တောင်းဆိုမယ်လို့ သိရပါတယ်။

ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေးဆိုင်ရာ ယိုယွင်းပျက်စီးနေတဲ့ အခြေအနေရှိပြီးတော့ ငွေကြေးဖောင်းပွခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အစားအစာနဲ့ ဆေးဝါးတွေ ပြတ်လပ်ခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂကတော့ စီးပွားရေးကပ်ဆိုက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံက ထွက်ပြေးလာတဲ့ လူဦးရေဟာ ၂၀၁၅ ခုနှစ်ကစပြီး ယခုအချိန်အထိ ၂ ဒသမ ၃ သန်းအထိရှိတယ်လို့ သိရပါတယ်။

**မာဒူရိုကိုပဲ ထောက်ခံနေ**

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ဗင်နီဇွဲလားနိုင်ငံမှာရှိတဲ့ လူဦးရေ သုံးသိန်းလောက်ဟာ ငတ်မွတ်ပြီး သေဆုံးမယ့် အခြေအနေရှိတယ်လို့ ပြောပါတယ်။ သူတို့ဟာ အမေရိကန်ပြည်ထောင်စုနဲ့ တခြားအလှူရှင်တွေက ပေးလှူထားတဲ့ အကူအညီတွေ ကိုလံဘီယာနဲ့ ထိစပ်နေတဲ့ ဗင်နီဇွဲလားနယ်စပ်မှာ စုပုံနေပြီး ဗင်နီဇွဲလားနိုင်ငံအတွင်း မကြာမီ မရောက်ရှိဘူး။ အဲဒီအကူအညီတွေ မကြာမီ သူတို့မရရှိဘူးဆိုရင် သူတို့ဟာ အသက်အန္တရာယ်စိုးရိမ်ရတဲ့ အခြေအနေနဲ့ ရင်ဆိုင်သွားရမယ်လို့လည်း ဆိုပါတယ်။

"တစ်နိုင်ငံလုံးက အလိုရှိနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ရရှိဖို့ ကျွန်တော်တို့တွေ တစ်နိုင်ငံလုံးမှာ လှုပ်ရှားမှုတွေ လုပ်ဆောင်ရမယ်"လို့ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ပြောလိုက်ပါတယ်။ ပိတ်ဆို့ထားမှုနဲ့ ပတ်သက်ပြီး လူသားချင်းစာနာမှုကို ဖောက်ဖျက်နေတဲ့ ပြစ်မှုတွေပဲလို့တောင် သူက ပြောလိုက်ပါတယ်။ အခုချိန်ထိ စစ်ဘက်ဆိုင်ရာ ထိပ်တန်းခေါင်းဆောင်တွေဟာ သမ္မတ မာဒူရိုကိုပဲ ထောက်ခံနေတယ်လို့လည်း သူက ပြောလိုက်ပါတယ်။

အကူအညီပေးရေး၊ ပစ္စည်းတွေရရှိရေးနဲ့ ဝေငှရေးအတွက် ဗင်နီဇွဲလားပြည်သူ တစ်သိန်းလောက် စေတနာ့ရှင် ဝန်ထမ်းတွေလုပ်ဖို့ အမည်စာရင်းပေးထားတယ်လို့လည်း ဂျူအန်ဂွိုက်ဒိုက ပြောပါတယ်။

**တိုက်တွန်း**

ဗင်နီဇွဲလားနိုင်ငံရဲ့ အခြေအနေကို ပြန်ပြောင်းသုံးသပ်မယ်ဆိုရင် ဥရောပနိုင်ငံအချို့ရဲ့ တောင်းဆိုမှုကို ပြောင်ပြောင်တင်းတင်းဖီဆန်ထားတဲ့ မာဒူရိုက စပိန်ရုပ်မြင်သံကြားတစ်ခုရဲ့ အင်တာဗျူးမှာ ဘာပြောခဲ့သလဲဆိုရင် သူ့ရဲ့ နုတ်ထွက်မှုအတွက် တောင်းဆိုနေတဲ့သူတွေ အပေါ် အလျှော့ပေးသွားမှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ အခုဆိုရင် သူဟာ ပြည်သူတွေကိုတောင် မငဲ့တော့ဘဲ လူသားချင်းစာနာမှုဆိုင်ရာ ပစ္စည်းတွေကိုတောင် ပိတ်ဆို့ထားတာဟာ ကြွက်မနိုင်လို့ ကျီမီးနဲ့ ရှို့တဲ့ပုံပေါက်နေပါတယ်။

"ဘာကြောင့်များ ဥရောပသမဂ္ဂက ရွေးကောက်ပွဲကျင်းပပြီးတဲ့ ကမ္ဘာ့နိုင်ငံတစ်နိုင်ငံကို ထပ်ပြီး ရွေးကောက်ပွဲပြုလုပ်ဖို့ ပြောနေတာပါလိမ့်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ မဟာမိတ်တွေ မနိုင်လို့ထင်တယ်လို့" မာဒူရိုက ပြောလိုက်ပါတယ်။

"သူတို့တွေက မိမိတို့ကို ရာဇသံတွေပေးပြီး ထိပ်တိုက်တွေ့ဆုံမှုတွေဖြစ်နေအောင် လုပ်နေတာလား"ဟု မာဒူရိုက ထပ်မံပြောလိုက်ပါတယ်။

**တောင်းဆို**

ပြီးတော့လည်း မာဒူရိုက သူ့ကိုယ်သူ ဗင်နီဇွဲလားသမ္မတအဖြစ် ကြေညာထားသူ ဂွိုက်ဒိုကို မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးဖို့ တိုက်တွန်းလိုက်ပါတယ်။ သို့သော်လည်း ဂွိုက်ဒိုက သူ့ရဲ့ ကမ်းလှမ်းချက်ကို ငြင်းဆန်ခဲ့ပါတယ်။

မာဒူရိုရဲ့သမ္မတဖြစ်မှုဟာ တရားမဝင်ဘူးလို့ ဂွိုက်ဒိုက ပြောလိုက်ပါတယ်။ ပြစ်ချက်တွေနဲ့ ပြည့်နေတဲ့ ရွေးကောက်ပွဲကြောင့်လို့ ဆိုပါတယ်။ ပြီးတော့ ဂွိုက်ဒိုက အစိုးရတစ်ရပ်ပြောင်းလဲဖို့နဲ့ ရွေးကောက်ပွဲသစ်လုပ်ပေးဖို့ တောင်းဆိုထားတဲ့ အခြေအနေကို တွေ့မြင်နိုင်ပါတယ်။

**လွတ်လပ်ရေးရအောင် စွမ်းဆောင်မယ်**

အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျနဲ့ များစွာသော လက်တင်အမေရိက နိုင်ငံများကပါ နိုင်ငံခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားတဲ့ ဂွိုက်ဒိုဟာ တပ်မတော်ကိုလည်း စီးပွားရေးကြောင့် နာလန်မထူနိုင်တဲ့ နိုင်ငံကို ကူညီဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။

"မိမိတို့ရဲ့အာဏာကို ပဋိပက္ခအကျပ်အတည်းတွေ ဖြေရှင်းတဲ့နေရာမှာ ကျင့်သုံးဖို့ လိုပါတယ်။ ဒီမိုကရေစီကို ပြန်လည်ထိန်းသိမ်းရမှာဖြစ်ပြီး လွတ်လပ်ရေးရအောင် စွမ်းဆောင်ရပါမယ်"လို့ ဂွိုက်ဒိုက ဖေဖော်ဝါရီ ၃ ရက်က တွစ်တာမှာ အတိအလင်းပြောကြားခဲ့ပါတယ်။

**တိုက်တွန်းပြောကြား**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မှာကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရေနံနဲ့ ချမ်းသာတဲ့ နိုင်ငံတွေအနက် ဆင်းရဲတွင်းနက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံရဲ့အကျပ်အတည်းတွေနဲ့ ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာကြားဝင်မှုတွေ ဆောင်ရွက်မယ့် သဘောရှိပါတယ်။

အမေရိကန် ဒုသမ္မတ မိုက်ပန့်စ်ကလည်း ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုပေးရန်နှင့် လွတ်မြောက်ရေးဘက်တွင် ရပ်တည်ကြရန် အမေရိကန်ပြည်ထောင်စုက တိုက်တွန်းကြောင်း ပြောကြားလိုက်ပါသေးတယ်။ နိုင်ငံရေးတင်းမာမှုများ တစ်နေ့တခြားမြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိ သမ္မတ နီကိုလပ်မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့ရဲ့ အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်းမရပါဘူး။

**ပြောင်းလဲမှုတွေ လုပ်မှာလား**

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင်ဘက်မှာ ရပ်တည်နေကြောင်း အမေရိကန်ဒုသမ္မတ မိုက်ပန့်စ် က ထပ်လောင်းပြောကြားခဲ့ပါသေးတယ်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံမှာ လွတ်လပ်မှု ပြန်လည်ရရှိလာတဲ့အထိ အမေရိကန်အစိုးရအနေနဲ့ ဗင်နီဇွဲလား ပြည်သူတွေနဲ့အတူ ရပ်တည်သွားမှာဖြစ်ကြောင်း ဒုသမ္မတ မိုက်ပန့်စ်ကဆိုပါတယ်။

ထိပ်တန်းလေတပ် ဗိုလ်ချုပ်ကြီးတစ်ဦး ဂွိုက်ဒိုဘက်မှာ ရပ်တည်ကြောင်း လူသိရှင်ကြားကြေညာပြီးနောက် ဖေဖော်ဝါရီ ၃ ရက် အစောပိုင်းမှာ မာဒူရိုက စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်တွေကို နိုင်ငံရဲ့ ကမ်းရိုးတန်းအရှေ့မြောက်ဘက်မှာ စစ်ရေးလေ့ကျင့်မှုလုပ်ဖို့ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အတိုက်အခံအုပ်စုက "နိုင်ငံကို နိုင်ငံခြားသားလွှမ်းမိုးမှုနဲ့ ပြိုကွဲအောင်လုပ်နေတယ်" လို့ မာဒူရိုကတပ်ဖွဲ့ဝင်တွေကို ပြောခဲ့ပါတယ်။

ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနဲ့ စပိန်နိုင်ငံ စသည်တို့ပါဝင်တဲ့ ဥရောပ ခုနစ်နိုင်ငံက မာဒူရိုကို ရွေးကောက်ပွဲပြုလုပ်ပေးဖို့ ရှစ်ရက်တာ အချိန်ပေးခဲ့ပါတယ်။ ရှစ်ရက်အတွင်းမှာ ရွေးကောက်ပွဲမပြုလုပ်ပေးဘူးဆိုရင် ဂျူအန်ဂွိုက်ဒိုကို မာဒူရိုနေရာမှာ အစားထိုးမယ်လို့ ပြင်သစ်နိုင်ငံရဲ့ ဥရောပရေးရာဝန်ကြီး နာတာလီလွိုက်ဆီက ပြင်သစ်မီဒီယာကို ပြောခဲ့တာတွေလည်းရှိပါတယ်။

**စဉ်းစားစရာကောင်းလာ**

ဘယ်လိုပဲဆိုဆို နှစ်ဖက်အားပြိုင်တဲ့နေရာမှာ လူသားချင်းဆိုင်ရာ အကူအညီပစ္စည်းတွေဟာ အရေးပါလာပါတယ်။ ဒီအခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် မာဒူရိုကလည်း အကူအညီတွေကို ပိတ်ဆို့ထားသလို ဂျူအန်ဂွိုက်ဒိုကလည်း အကူအညီရရှိရေး ကြိုးစားဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ နှစ်ဖက်ထောက်ခံတဲ့ ပြည်သူတွေအနေနဲ့လည်း စဉ်းစားစရာကောင်းလာပါပြီ။ အကယ်၍သာ လူသားချင်းစာနာထောက်ထားမှု အကူအညီသာ ရရှိခဲ့မယ်ဆိုရင် တကယ်လိုအပ်နေတဲ့ ဗင်နီဇွဲလားပြည်သူတွေဟာ ဂျူအန်ဂွိုက်ဒိုကို ထောက်ခံသွားမလားဆိုတာပါပဲ။

အခုဆိုရင် နိုင်ငံပေါင်း ၅၀ ကလည်း ဂျူအန်ဂွိုက်ဒိုကို ကြားဖြတ်သမ္မတအဖြစ် အသိအမှတ်ပြုထားသလို ဂျူအန်ဂွိုက်ဒိုကို ပြည်သူတွေကပါ ဝန်းရံလိုက်မယ်ဆိုရင် ရှေ့လာမယ့် ဗင်နီဇွဲလားနိုင်ငံရေးဟာ ဘယ်လိုဆက်ဖြစ်လာမလဲ ဆိုတာ အကဲခတ်သွားရမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

**" မာဒူရိုရဲ့ သမ္မတဖြစ်မှုဟာ တရားမဝင်ဘူးလို့ ဂွိုက်ဒိုက ပြောလိုက်ပါတယ်။ ပြစ်ချက်တွေနဲ့ ပြည့်နေတဲ့ ရွေးကောက်ပွဲကြောင့်လို့ ဆိုပါတယ်။ ပြီးတော့ ဂွိုက်ဒိုက အစိုးရတစ်ရပ်ပြောင်းလဲဖို့နဲ့ ရွေးကောက်ပွဲသစ်လုပ်ပေးဖို့ တောင်းဆိုထားတဲ့အခြေအနေကို တွေ့မြင်နိုင်"**

# ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား မြင်ကွင်းပုံရိပ်များ



မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အနုပညာရှင်အချို့ကို တွေ့ရစဉ်။ ဓာတ်ပုံ-သန်းစိုး



၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏာရှိ **The One Entertainment Park** ၌ ကျင်းပစဉ်။ (ယာပုံ) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)













၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား အနုပညာရှင်ညီအစ်ကိုမောင်နှမများက ဝိုင်းဝန်းဂုဏ်ပြုကြသည့် ကြည်နူးဖွယ်ပုံရိပ်များ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ည့်ပရိသတ်များအား တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



အနုပညာရှင်များ ဖျော်ဖြေတင်ဆက်နေစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ပတ်လမ်းအတွင်း ကျူးကျော်စိုက်ပျိုးသူများအား သီးနှံ နစ်နာကြေးပေးလျော်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ပဲခူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက်က ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် ပတ်လမ်းအတွင်း ကျူးကျော်စိုက်ပျိုးသူများအား သီးနှံနစ်နာကြေး ပေးလျော်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လျော်ကြေးငွေ ပေးလျော်နိုင်ရေးအတွက် လေကြောင်းဦးစီးဌာနမှ ဘဏ္ဍာနှစ် နှစ် နှစ်အတွင်း ငွေကျပ်သန်း ၉၉ ဒသမ ၅၇၀ လွှဲပြောင်းပေးအပ်ထားကြောင်း၊ လေဆိပ်ဧရိယာအတွင်း ပါဝင်ပတ်သက်နေသည့် နေအိမ်ခြံ၊ မြေယာခင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် နစ်ရှည် သီးနှံစိုက်ပျိုးထားသူများအား မြန်မြန်ဆန်ဆန် သီးနှံနစ်နာကြေးပေးခြင်း၊ ရွှေ့ပြောင်းခြင်းများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ မြေယာသည် နိုင်ငံတော်ပိုင်ဆိုင်ခြင်းဖြစ်ပြီး ယခုလို လျော်ကြေးငွေ ပေးရန် စီစဉ်ခြင်းသည် စိုက်ပျိုးသီးနှံများအတွက်သာ နစ်နာကြေးပေးခြင်းကို သိရှိစေရန် လိုအပ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့်လည်း ပြည်သူများ နစ်နာမှုမရှိစေရေး သီးနှံလျော်ကြေး ထပ်မံပေးအပ်ခြင်းသာဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်ပေးခြင်းအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမှုကို သိရှိစေရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေဆိပ်စီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း သီးနှံနစ်နာကြေးပေးလျော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ယခင်ကျင်းပခဲ့သည့် အစည်းအဝေး ဆုံးဖြတ်ချက်များအတိုင်း သီးနှံလျော်ကြေး လက်ခံရယူမည့် ၁၆ ဦးအား အမြန်ဆုံး ပေးလျော်သွားမည်ဖြစ်ပြီး နစ်နာကြေး လက်ခံခြင်း မရှိသူများအား ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက လေဆိပ်ပတ်လမ်း ပေ ၁၀၀ အတွင်း သီးနှံနစ်နာကြေးပေးအပ်ရန် ၁၆ ဦး သဘောတူညီထားပြီးဖြစ်၍ ငွေကျပ် ၂၀၃၂ ဒသမ ၁၃သိန်းအား ပေးလျော်နိုင်ရေး အမြန်ဆုံး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည့် အားလျော်စွာ မိမိတို့ အစိုးရလက်ထက်တွင် နိုင်ငံတော် စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းသည်ကြီးမားသည်နှင့်အမျှ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ စီမံကိန်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သကဲ့သို့ စနစ်တကျဖြစ်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

လေဆိပ်ပတ်လမ်း ပေ ၁၀၀ အတွင်း သီးနှံလျော်ကြေးအတွက် တောင်သူ ၁၆ ဦးအား ဧပြီ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ အခမ်းအနားဖြင့် နစ်နာကြေး ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဒိုက်ဦးအကျဉ်းထောင်အား စစ်ဆေး



ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဒိုက်ဦးအကျဉ်းထောင် စားဖိုဆောင်၌ ကြည့်ရှုစစ်ဆေးစဉ်။

**ပဲခူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ဒိုက်ဦးအကျဉ်းထောင်ကို သွားရောက် စစ်ဆေးခဲ့သည်။

ဒိုက်ဦးအကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်း၌ တာဝန်ခံအရာရှိ ဦးမိုးဟိန်းက ဒိုက်ဦးအကျဉ်းထောင်နှင့် ပတ်သက်၍ လုံခြုံရေးရာနှင့် စီမံရေးရာကိစ္စများ ဆောင်ရွက်ထားရှိမှု၊ အကျဉ်းသူအကျဉ်းသားများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် ပြစ်ဒဏ်ကျခံရသူများ၏ အဆောင်များ၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ ဥပဒေပါ အခွင့်အရေးများ ရရှိမှု အခြေအနေ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ ရေပေးဝေမှုနှင့် သောက်သုံးရေရရှိမှု၊ နှိပ်စက်ညှဉ်းပန်းမှု ရှိ မရှိ၊ ဥပဒေနှင့် အညီရသင့်သော အခွင့်အရေးများ ခံစားနိုင်ရေးတို့ကို တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# မိဘဆရာအသင်း ပံ့ပိုးကူညီမှုအစီအစဉ် လမ်းညွှန်ချက်(မူကြမ်း) ညှိနှိုင်းဆွေးနွေး

**ပျဉ်းမနား မတ် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ယမန်နေ့က မိဘဆရာအသင်း ပံ့ပိုးကူညီမှုအစီအစဉ် လမ်းညွှန်ချက်(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းကြိုင်က အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာသိန်းက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက် ပေါက်မြောက်အောင်မြင်မှုကို ပံ့ပိုးပေးနိုင်မည့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းများဆိုင်ရာ လမ်းညွှန်ချက်ကို အခြေခံပညာကျောင်းအားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကလေးများ၏ ပညာရေးတွင် မိဘများအနေဖြင့် ပိုမိုတက်ကြွစွာ ပါဝင်လာအောင် တိုက်တွန်းရန်နှင့် မိဘများပါဝင်မှုနှင့် ဆရာ မိဘအကြား ကောင်းမွန်သော အပြန်အလှန် ဆက်ဆံရေးရှိခြင်းသည် ဆရာများ၏ လုပ်ငန်းခွင် ကျေနပ်မှုအပေါ်တွင် ကောင်းကျိုးသက်ရောက်စေကြောင်း၊ အခြေခံပညာကျောင်းတိုင်းတွင် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းများဆိုင်ရာ လမ်းညွှန်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး မျှော်မှန်းရလဒ်များ ပေါက်မြောက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **ဇော်မျိုးနိုင်**



မိဘဆရာအသင်း ပံ့ပိုးကူညီမှုအစီအစဉ် လမ်းညွှန်ချက် (မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၂၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၂၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၈၀၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၇၅ ကျပ် | ၉၂၅/၉၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၀ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၁ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၄၄ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၅ ・ ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၉ ・ ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၃၉၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၈ ・ ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၆၉၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း


| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO






ပေါက်စန


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဖိုးရှုမင်းငါနဲ့ ကစားတာအချိန် အတော်ကြာသွားပြီ၊
ညနေတောင်အတော် စောင်းနေပြီကွ၊
မင်းအမေစိတ်ပူနေမယ်၊
ဒီအတွက်တော့၊ နိတ်ချ
ငါတို့အိမ်မှာဧည့်သည် ရောက်နေလို့မင်းနဲ့ လာကစားနေတာ၊
ငါ့အမေကသိပ်သတိ မေ့တတ်တာ၊
ဧည့်သည်နဲ့စကားကောင်း နေရင်ငါ့ကိုသတိတောင် ရမှာမဟုတ်ဘူး၊
END


သားအိပ်တော့ မယ် မေမေ...
မအိပ်ခင် ဘုရား ရှိခိုးဦးနော်...သား
ဟုတ်ကဲ့ပါ မေမေ...
ဖေဖေ ရာထူး တိုးပြီး လစာ တွေအများကြီး ရပါစေဘုရား
မေမေလည်း ထီပေါက်ပြီး ပိုက် ဆံတွေအများကြီး ရ ရပါစေ ဘုရား...
သားကိုလည်း...
သားကြိုက်တဲ့ ဘာဂါတို့၊ ပီဇာတို့၊ ကြက် ကြော်တို့၊ ရေခဲမုန့်တို့ကို သား စားချင်တဲ့ အခါ တိုင်း ဝယ်ကျွေး နိုင်ကြပါစေ ဘုရား...

# စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ညှိနှိုင်းဖြေရှင်းပေးခြင်း**

၄၆။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဇ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စုံစမ်းစစ်ဆေးခဲ့မှုနှင့် စပ်လျဉ်း၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်းများကို စစ်ဆေးခြင်း၊

(ခ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်ကို ညှိနှိုင်းဖြေရှင်းနိုင်ရန် ခေါ်ယူခြင်း၊

(ဂ) စားသုံးသူတိုင်ကြားမှုကို သိမြင်သော ပုဂ္ဂိုလ် သို့မဟုတ် မျက်မြင်သက်သေနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာကို သိရှိသော ကျွမ်းကျင်သူများရှေ့တွင် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်တို့ကို ခေါ်ယူစစ်ဆေးခြင်း၊

(ဃ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်သည် ဆင့်ခေါ်ရာသို့ လာရောက်ခြင်း မရှိပါက တစ်ဖက်သတ်စစ်ဆေး ဆုံးဖြတ်ခွင့်ရှိခြင်း၊

(င) စားသုံးသူဘက်မှ နစ်နာဆုံးရှုံးမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(စ) တိုင်ကြားမှုနှင့် စပ်လျဉ်း၍ ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်းသော သဘောတူညီချက်ကို အသိပေး အကြောင်းကြားခြင်း၊

(ဆ) ပုဒ်မခွဲ (စ) အရ သဘောတူညီချက်ကို လိုက်နာခြင်း မရှိပါက ကော်မတီသို့ တင်ပြခြင်း။

၄၇။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၄၆ ပါ ညှိနှိုင်းဖြေရှင်းပေးခြင်းများကို မှတ်တမ်းတင်ထားရှိရမည်။

၄၈။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များကို လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။ သို့သော် အဆိုပါအချက်အလက်များကို ကော်မတီ၊ ကော်မရှင် သို့မဟုတ် တရားရုံးတစ်ခုခုက သက်သေခံအထောက်အထားများအဖြစ် တောင်းခံလာပါက ပေးပို့ပိုင်ခွင့်ရှိသည်။

၄၉။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဇ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည့် တိုင်ကြားမှုများကို သက်ဆိုင်ရာ အစိုးရဌာနများသို့ ပေးပို့၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၀။ စားသုံးသူသည် အကြောင်းခြင်းရာများကို မရိုးမဖြောင့်သောသဘောဖြင့် ထိမ်ချန်၍သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ကို မတရားသောနည်းလမ်းတစ်ခုခုဖြင့် နစ်နာဆုံးရှုံးမှုဖြစ်စေရန် ရည်ရွယ်၍သော်လည်းကောင်း မဟုတ်မမှန် လိမ်လည်တိုင်ကြားခြင်း၊ မမှန်သက်သေထွက်ဆိုခြင်း၊ မမှန်သက်သေခံအထောက်အထားတင်ပြခြင်းပြုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်း ခံရမည်။

၅၁။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးကိစ္စနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသူဘက်မှ ကျခံစေရမည်။

**အခန်း (၂၀)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၅၂။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၂၁ အရ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၂၄၊ ၂၅ နှင့် ၂၇ တို့အရ စားသုံးသူက တောင်းဆိုနိုင်သော အခွင့်အရေးများကို ပေးအပ်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ပြန်လည်ပြင်ဆင်ပေးစေခြင်း၊

(ဂ) အစားထိုးပေးစေခြင်း၊

(ဃ) ဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ငွေပြန်လည်ပေးစေခြင်း။

၅၃။ ကော်မတီသည် ပုဒ်မ ၂၁၊ ၂၄၊ ၂၅ နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်နှင့် အခန်း (၂၃) ပါ တားမြစ်ချက်များမှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) နစ်နာမှုများအတွက် သတ်မှတ်ထားသော လျော်ကြေးငွေပေးစေခြင်း၊

(ခ) ဒဏ်ကြေးငွေချမှတ်ခြင်း၊

(ဂ) အငြင်းပွားလျက်ရှိသော ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုကို ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၅၄။ ကော်မတီသည် ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ကော်မရှင်က သတ်မှတ်သည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

**အခန်း (၂၁)**

**အယူခံဝင်ခြင်း**

၅၅။ ပုဒ်မ ၅၂ အရ ဦးစီးမှူးရုံးက ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာကော်မတီသို့လည်းကောင်း၊ ပုဒ်မ ၅၃ အရ ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ကော်မရှင်သို့လည်းကောင်း အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အသီးသီး အယူခံဝင်ရောက်နိုင်သည်။

၅၆။ (က) ကော်မတီသည် ပုဒ်မ ၅၅ အရ အယူခံမှုတွင် သက်ဆိုင်ရာ ဦးစီးမှူးရုံးက ချမှတ်ထားသောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ကော်မရှင်သည် ကော်မတီက ပုဒ်မ ၅၃ အရ ချမှတ်သောအမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ (က) အရ ချမှတ်သောဆုံးဖြတ်ချက်ကိုလည်းကောင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၂၂)**

**စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆောင်ရွက်မည့်အချက်များ**

၅၇။ ဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ၏ ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှုများကို အားပေးကူညီ ဆောင်ရွက်ရမည်။

၅၈။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့တည်ထောင်ခြင်းသည် စားသုံးသူများကို ကာကွယ်ပေးမည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်သာ ဖြစ်ရမည်။

၅၉။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သော စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်သည်။

၆၀။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ စားသုံးသူထံ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းတို့ကို ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၆၁။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် စားသုံးသူကို နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေသည့် သို့မဟုတ် ချိုးဖောက်မှုဖြစ်ပေါ်စေသည့် စီးပွားရေးလုပ်ငန်းရှင်အပေါ် စားသုံးသူကိုယ်စား တိုင်ကြားအရေးဆိုမှုနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနိုင်သည်။

**အခန်း (၂၃)**

**တားမြစ်ချက်များ**

၆၂။ မည်သူမျှ စားသုံးသူ သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါတို့ကို မပြုလုပ်ရ -

(က) စားသုံးသူကို သွေးဆောင်ဖြားယောင်း၍ တိုင်ကြားစေခြင်း၊

(ခ) မမှန်မကန် သက်သေထွက်ဆိုခြင်း၊

(ဂ) မမှန်မကန်သတင်းများ ဖြန့်ဖြူးခြင်း၊

(ဃ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသောကိစ္စများကို ဆောင်ရွက်ခြင်း။

၆၃။ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ အောက်ပါကြော်ငြာအမျိုးအစားများကို ကြော်ငြာခြင်း မပြုရ -

(က) ကုန်စည်၏အရည်အသွေး၊ အရေအတွက်၊ ပါဝင်သောပစ္စည်းများ၊ အသုံးပြုပုံ၊ ဈေးနှုန်း၊ ဝန်ဆောင်မှုနှုန်းထားနှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပေးအပ်နိုင်သည့် အချိန်တို့နှင့် စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်း ပြုထားသော ကြော်ငြာများ၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံပေးထားမှုနှင့် စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်း ပြုထားသော ကြော်ငြာများ၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ မဟုတ်မမှန်သော သတင်းအချက်အလက်များပါဝင်သည့် ကြော်ငြာများ၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် အန္တရာယ်ရှိမှုကို အသိပေးခြင်းမရှိသော ကြော်ငြာများ၊

(င) သက်ဆိုင်သူ၏ ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ဦး သို့မဟုတ် အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြုထားသော ကြော်ငြာများ၊

(စ) တည်ဆဲဥပဒေများ၊ လူမှုကျင့်ဝတ်များနှင့် ကိုက်ညီမှုမရှိသည့် ကြော်ငြာများ။

၆၄။ စီးပွားရေးလုပ်ငန်းရှင်မည်သူမျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ခုခုဖြင့် အရောင်းမြှင့်တင်ခြင်း မပြုရ -

(က) သတ်မှတ်ထားသောကာလအတွင်း ကြော်ငြာထားသော ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန် အစီအစဉ်မရှိဘဲ ကုန်စည်ကို အချိန်ကာလတစ်ခုအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ခ) ကုန်စည်တစ်ခုကို ဆုကြေးအနေဖြင့် ပေးရန် သို့မဟုတ် အခမဲ့ဝန်ဆောင်မှုပေးရန် ကတိပြုထားသော်လည်း အမှန်တကယ်ပေးအပ်နိုင်ခြင်း မရှိဘဲ ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ဂ) စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ အနှောင့်အယှက်ဖြစ်စေမည့် နည်းလမ်းတစ်ခုခုဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း။

၆၅။ စီးပွားရေးလုပ်ငန်းရှင်မည်သူမျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှုပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း မပြုရ -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ ရောင်းချခြင်း၊

(ခ) သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီသည်ဟု မမှန်မကန် ဖော်ပြခြင်း၊

(ဂ) နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ ကျော်လွန်နေသော ကုန်စည်ကို ပြုပြင်မွမ်းမံ၍ ရောင်းချခြင်း၊ ရောနှောရောင်းချခြင်း၊

(ဃ) အမျိုးအစားတူ အရည်အသွေးနိမ့်ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုးအစားမတူ စားသုံးရန်မသင့်သော ကုန်စည်ကို ရောနှောရောင်းချခြင်း။

၆၆။ စီးပွားရေးလုပ်ငန်းရှင်မည်သူမျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှုပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် လိမ်လည်လှည့်ဖြားမှု မပြုရ -

(က) အသုံးမပြုနိုင်သော သို့မဟုတ် မရရှိနိုင်သောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(ခ) အပြစ်အနာအဆာ၊ ချို့ယွင်းချက်များကို ဖုံးကွယ်ထားသည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(ဂ) အခြားသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ်ဖော်ပြခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ပါဝင်ရမည့် သတင်းအချက်အလက်များကို ပြည့်စုံခိုင်မာမှုမရှိဘဲ ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း၊

(င) ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချခြင်း၊

(စ) အရောင်းမြှင့်တင်ရောင်းချခြင်း မပြုမီ ဈေးနှုန်းများကို တိုးမြှင့်ခြင်း၊

(ဆ) အသုံးပြုလိုသော ကုန်စည်တစ်ခုကို ဝယ်ယူရာတွင် ခိုင်လုံသော အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ စားသုံးသူမလိုအပ်သော အခြားကုန်စည်တစ်ခုနှင့် တွဲဖက်ရောင်းချခြင်း။

၆၇။ စီးပွားရေးလုပ်ငန်းရှင်မည်သူမျှ အောက်ဖော်ပြပါကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ -

(က) ပုဒ်မ ၄၁ အရ ကုန်စည်နှင့် သက်ဆိုင်သည့် ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ခ) ကြော်ငြာနှင့် အရောင်းမြှင့်တင်ခြင်းတို့တွင် ပါဝင်သောဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ဂ) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ဃ) အငြင်းပွားလျက်ရှိသောကြောင့် ကာလအကန့်အသတ်ဖြင့် ကော်မတီက တားမြစ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု။

၆၈။ စီးပွားရေးလုပ်ငန်းရှင်မည်သူမျှ ကုန်အညွှန်းအမှတ်အသားများ ဖော်ပြရာတွင် ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှု မရှိသည့် ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

**အခန်း (၂၄)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၆၉။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ (က) စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ပုဒ်မ ၆၃ နှင့် ၆၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ (က) စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝအလှများနှင့် ရှေးဟောင်းအမွေအနှစ်များရှိရာ ရှိမ်းမကားဘေးမဲ့တောသို့ လာရောက်လေ့လာ အပန်းဖြေနိုင်

**စစ်ကိုင်း မတ် ၂၃**

သဘာဝအရင်းအမြစ်များဖြစ်သည့် တောတောင်ရှုခင်း အလှအပများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရောယှက်တည်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ရှိမ်းမကားဒေသသို့ ပြည်တွင်းပြည်ပမှ ခရီးသွားများ လာရောက်လေ့လာကြည့်ရှု၍ အပန်းဖြေနိုင်ကြောင်း သိရသည်။

ရှိမ်းမကားကျေးရွာသည် မင်းဝံတောင်ရိုးကို ကျောမှီ၍ ရောဝတီမြစ်ကမ်း၏ အနောက်ဘက်ကို မေးတင်တည်ထားကာ တောင်ကုန်းအဆင့်ဆင့် ကာရံထားသော ရွာကြီးဖြစ်ပြီး တောင်ကုန်းများပေါ်၌လည်း ဘုရားကျောင်းကန်၊ စေတီပုထိုးများက ဒုတိယပုဂံဟု တင်စားခေါ်ဆိုနိုင်သည်အထိ လက်ညှိုးထိုးမလွဲ များပြားလှကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးမန်းတင်က ပြောကြားသည်။

ရှိမ်းမကားဒေသသည် မင်းတုန်းမင်းကြီး လှူဒါန်းသတ်မှတ်ပေးခဲ့သော ဘေးမဲ့တောကြီးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိသည့် ဒေသလည်းဖြစ်သည်။ ထို့ကြောင့် မင်းတုန်းမင်းကြီးက သက္ကရာဇ် ၁၂၂၅ ခုနှစ်တွင် အမိန့်ပြန်တမ်း ထုတ်ပြန်ခဲ့သည့် စိမ်းလန်းစိုပြည်သော သစ်ရိပ်ဝါးရိပ်များနှင့် သားငှက်တိရစ္ဆာန်များ လွတ်လပ်ပျော်မြူး ကျက်စားနေထိုင်ရာ ဘေးမဲ့တောကြီးနှင့်အတူ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး သီတင်းသုံးရန် သက္ကရာဇ် ၁၂၂၄ ခုနှစ်က မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သည့် ဘုံသုံးဆင့်ရှိ အောင်မြေလွတ်စံ သစ်သားကျောင်းတော်ကြီးနှင့် ကျောင်းအရံ လေးကျောင်းကိုလည်း သမိုင်းအမွေအနှစ်အဖြစ် ကျေးရွာအတွင်း၌ တွေ့မြင်လေ့လာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

“ပထမရွှေကျင်ဆရာတော်ကြီး မန္တလေးကို မကြွခင် ဒီတောကြီးထဲမှာ သီတင်းသုံးခဲ့စဉ်က မင်းတုန်းမင်းကြီးက မန္တလေးကနေ ဆရာတော်ကြီးအတွက် နေ့စဉ် ဆွမ်းလာကပ်တဲ့အခါ အသုံးပြုတဲ့ ဆွမ်းချိုင့်နဲ့ ဆွမ်းအုပ်တွေ၊ ဘေးမဲ့တောအဖြစ် အမိန့်ထုတ်ပြန်လိုက်တဲ့ ထန်းဖူး စာချွန်တော်နဲ့ ကနောင်မင်းသားကြီး ပြင်သစ်နိုင်ငံက ယူဆောင်လာတဲ့ ရှေးဟောင်းမီးအိမ်တွေကိုလည်း ကျေးရွာထဲမှာ လေ့လာတွေ့ရှိနိုင်မှာဖြစ်သလို ဆရာတော်ကြီး တရားအားထုတ်ခဲ့ရာ နေရာနဲ့ ဆရာတော်ကြီး ပြုစုရေးသားခဲ့တဲ့ ရှေးဟောင်းပေစာတွေကိုလည်း တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဒီဘေးမဲ့တောကြီးမှာ ခေတ်အဆက်ဆက် ဆရာတော်ကြီးတွေ သီတင်းသုံးပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတဲ့ ကျေးဇူးကြောင့် အခုလို ရှေးဟောင်းအမွေအနှစ်တွေကို မပျောက်မပျက်ဘဲ တွေ့မြင်ရတာပါ”ဟု ဦးမန်းတင်က ဆက် ပြောသည်။

ရှိမ်းမကားဘေးမဲ့တောကြီးသည် အကျယ်အဝန်း စတုရန်းမိုင် နှစ်မိုင်ခန့်ရှိပြီး အဆိုပါ ဘေးမဲ့တောကြီးတွင် သမင်၊ ဒရယ်၊ ယုန်၊ တောဝက်နှင့် တောကြက် စသည့် တိရစ္ဆာန်များ ခိုအောင်းနေထိုင် ကျက်စားလျက်ရှိသည်။ လက်ရှိတွင် အောင်မြေလွတ်စံကျောင်းတော်ကြီး၏ ခုနစ်ဆက်မြောက် ဆရာတော် ဦးဇနက္ကက ကျောင်းတော်ကြီးတွင် သီတင်းသုံး၍ ဘေးမဲ့တောကြီးကိုပါ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ရှိမ်းမကားသို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ဘေးမဲ့တောကြီးအတွင်း လည်ပတ်လေ့လာနိုင်မည့်အပြင် မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သည့် ရှေးဟောင်း သစ်သားကျောင်းဆောင်များ၊ သရက်ကင်းလေ့ကားပါ အုတ်ကျောင်းဆောင်ကြီးများနှင့် နံရံဆေးရေးပန်းချီလက်ရာများကို လေ့လာကြည့်ရှုရင်း အပန်းဖြေနိုင်မည်လည်းဖြစ်ကြောင်း သိရသည်။

ရှိမ်းမကားကျေးရွာသည် လက်ရှိတွင် အိမ်ထောင်စုပေါင်း ၅၅၇ စုနှင့် လူဦးရေ ၃၃၄၇ ဦးနေထိုင်လျက်ရှိသော စံပြကျေးရွာကြီးဖြစ်ပြီး စစ်ကိုင်းမြို့အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမကြီးမှ လာရောက်ပါက ရှိမ်းမကားကျေးရွာအထိ ၂၆ မိုင်မျှသာ ကွာဝေးကြောင်းနှင့် ဧရာဝတီမြစ် ရေလမ်းကြောင်းမှလည်း လာရောက်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ -အောင်ဖြိုးကျော်**



ကနောင်မင်းသားကြီး ပြင်သစ်နိုင်ငံမှ ယူဆောင်လာသည့် ရှေးဟောင်းမီးအိမ်များ



မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်

## ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ ရေအောက်ပိုက်လိုင်းစစ်ဆေးမှု ဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက် ထုတ်ပြန်ထား

**နေပြည်တော် မတ် ၂၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် 18” Export Pipeline တစ်လျှောက် Subsea Inspection လုပ်ငန်းများအား MV.MEO RESOLUTION (Call Sign : JZPL) ရေယာဉ်ဖြင့် Pipeline Start Point (ZPQ). မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၇ ဒသမ ၀၃ စက္ကန့်၊ End Point. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၀၀ စက္ကန့် တွင် (၁၁.၄.၂၀၁၉)ရက်နေ့မှ (၂၆.၄.၂၀၁၉) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ (၁၁.၄.၂၀၁၉)ရက်နေ့မှ (၂၆.၄.၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းတစ်လျှောက် ဘေးဘယ်/ညာ မီတာ ၅၀၀ အတွင်း ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေး ကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဘူးသီးတောင်၌ တိုက်ပွဲရှောင်ပြည်သူများအား ရိက္ခာများထောက်ပံ့

**ဘူးသီးတောင် မတ် ၂၃**

ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူဝင်းတို့ ဦးစီး၍ ယနေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် စည်တောင်ကျေးရွာ၌ မတ် ၂၁ ရက်ည တိုက်ပွဲဖြစ်စဉ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် စံဂိုးတောင်၊ နွားရုံတောင်၊ သျှစ်သျှားတောင်၊ ကွမ်းတောင်ကျေးရွာများမှ တိုက်ပွဲရှောင်လာသည့် အိမ်ထောင်စု ၈၂ စု လူဦးရေ ၂၅၆ ဦးတို့အား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာတို့ကို ထောက်ပံ့ခဲ့ကာ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ရိက္ခာများမှာ ဆန် ၃၇ အိတ်၊ ဆီ ၄၄ ဒသမ ၈ ပိဿာ၊ ဆား ၈ ဒသမ ၉၆ ပိဿာနှင့် ပဲ ၁၇၉ ဒသမ ၂ ပိဿာတို့ကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရွှေနှင့် တာဝန်ရှိသူများက ပေးအပ်ရာ တိုက်ပွဲရှောင်ပြည်သူများမှ လက်ခံရယူခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမေရေယဉ် နန်းရင်းနတ်ပွဲ ခေါ် အနောက်အမေကြီးပွဲ စတင်ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မောင်းတုံကျေးရွာရှိ အမေရေယဉ် နန်းရင်းရွှေနန်းတော်၌ တပေါင်းလဆန်း ၁၃ ရက်မှ စတင်၍ အညာဒေသ၏ ထင်ရှားစည်ကားသော ပွဲတော်တစ်ခုဖြစ်သည့် အမေရေယဉ် နန်းရင်းနတ်ပွဲ ခေါ် အနောက်အမေကြီးပွဲကို စတင်ကျင်းပပြီဖြစ်ရာ တပေါင်းလပြည့်နေ့မတိုင်မီကပင် မြန်မာနိုင်ငံအရပ်ရပ်မှ နတ်ကတော်များနှင့် ယုံကြည်ကိုးကွယ်ကြသူများအနေဖြင့် အမေရေယဉ် နန်းရင်းရွှေနန်းတော်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

အနောက်အမေကြီး၏နယ်မြေသည် ပုံတောင်ပုံညာ အရှေ့ဘက်နှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ယမားနယ်ဒေသဖြစ်သည်။ အနောက်အမေကြီးပွဲ ကျင်းပရာတွင် တပေါင်းလဆန်း ၁၃ ရက်မှ တပေါင်းလပြည့်ကျော် ၃ ရက်အထိ အတွင်းနန်းဆောင် မောင်းတုံနန်းရင်း၌ ပွဲကျင်းပပြီး တပေါင်းလပြည့်ကျော် ၄ ရက်တွင် ချိုးရေတော်သုံးကာ လပြည့်ကျော် ၅ ရက်မှ ၈ ရက်အထိ ယင်းမာပင်မြို့နယ် ဇီးတောကျေးရွာ ရွာဦးကုန်းမြင့်ရှိ အပြင်နန်းဆောင်(တောနန်း)သို့ ကြွတော်မူကြောင်း သိရသည်။



အမေရေယဉ် နန်းရင်းရွှေနန်းတော် အဝင်မုခ်ဦး

အမေရေယဉ် ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးစံနှင့်ပတ်သက်၍ မောင်းတုံကျေးရွာရှိ အမေရေယဉ် နန်းရင်းရွှေနန်းတော် ကြီးကြပ်မှုကော်မတီ နာယက ဦးကျော်ဆန်းက “ရှေးယခင်က မောင်းတုံကျေးရွာသား ဘိုးသာအိုကို အမေကြီးက အိပ်မက်ပေးခဲ့ပါတယ်။ မောင်းတုံကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ တောအုပ်ကိုဝင်လျှင် ကျွန်းလေးပင် တွေ့လိမ့်မယ်။ မြောက်ဘက်ဆက်လာလျှင် ဝါးလေးရုံ တွေ့မယ်။ ဝါးလေးရုံ၏အလယ် ကျောက်လိုဏ်ဂူ၌ မယ်တော်စံမြန်းတော်မူတယ်။ လာရောက်ပင့်ဆောင်ပါလို့ အိပ်မက်ပေးမှုအရ သွားရောက်ရှာဖွေရာ အမေရေယဉ်ရဲ့ပုံတော် ရုပ်တုနှင့် သံကွန်ချာဘူးကို တွေ့ရှိလို့ ပင့်ဆောင်ခဲ့ပြီး တစ်ပင်နန်းလေး ထားရှိပေးခဲ့ပါတယ်။ အဲဒီကနေ နယ်သူ နယ်သားတွေ နှစ်စဉ်မပျက် ဦးခိုက်ပူဇော်ခဲ့တာကစပြီး ယနေ့အချိန်အထိ စည်စည်ကားကားနဲ့ ကျင်းပလျက်ရှိပါတယ်”ဟု ရှင်းပြသည်။

နန်းရင်းနတ်ပွဲ ကျင်းပပုံနှင့်ပတ်သက်၍လည်း ကြီးကြပ်မှုကော်မတီ နာယကက “ဒီနန်းရင်းမှာ အနယ်နယ်အရပ်ရပ်က နတ်ဝင်သည် နတ်ကတော်အဖွဲ့ပေါင်း ၂၀ ကျော်က တပေါင်းလဆန်း ၁၃ ရက်ကနေ တပေါင်းလပြည့်ကျော် ၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီကနေ နောက်နေ့ နံနက် ၄ နာရီကျော်အထိ နတ်ရိုးရာအကများနဲ့ အမေကြီးကို ဦးခိုက် ကပြဖျော်ဖြေလျက်ရှိပါတယ်။ အမေကြီးရဲ့ထူးခြားချက်ကတော့ အမေကြီးရုပ်တု မျက်နှာတော်ကို ယုံကြည်သက်ဝင်သူများက ရွှေဆိုင်းတွေ ကပ်လှူကြတယ်။ နှစ်ကာလကြာပြီဖြစ်ပေမယ့် မျက်နှာတော်က နဂိုမူလအတိုင်းပဲ ရှိပါတယ်၊ အမေကြီးကို ယုံကြည်သက်ဝင်ကြတဲ့ အနယ်နယ် အရပ်ရပ်ကပြည်သူများ လှူဒါန်းတဲ့ ငွေများနဲ့ ရွာဦးဘုရားများ ပြုပြင်ခြင်း၊ ရွှေနန်းတော်ဆောင် ပြုပြင်ပေးခြင်း၊ ကျေးရွာအတွင်းလမ်းများ ပြုပြင်ခြင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းတွေနဲ့ နှစ်စဉ်အမေကြီးအတွက်ရည်စူးပြီး ကထိန်ခင်းပေးခြင်းများကို နတ်နန်းထိန်းသိမ်းမှုအဖွဲ့က ဦးဆောင်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ပြောသည်။

အနောက်အမေကြီးပွဲ ခေါ် အမေရေယဉ်နတ်ပွဲသည် အညာဒေသတွင် ထင်ရှားစည်ကားသော ပွဲတော်တစ်ခုဖြစ်ရာ ပွဲတော်ကာလအတွင်း နေ့စဉ် လူပေါင်း သောင်းနှင့်ချီ၍ ရောက်လာကြမြဲဖြစ်သည်။ ပွဲတော်လာသော လှည်းများ၊ ကားများ၊ ဆိုင်ကယ်များ၏ အရေအတွက်ပင် ထောင်ချီရှိသည်။ တပေါင်းလပြည့်ကျော် ၅ ရက်နှင့် ၆ ရက်တို့တွင် ပုလဲမြို့နယ်၊ မြိုင်မြို့နယ်၊ ပခန်းနယ်နှင့် ယောနယ်တို့မှ လာရောက်ကြသူများပြားပြီး ၇ ရက်နှင့် ၈ ရက်တွင် ယင်းမာပင်၊ ကနီ၊ မုံရွာနယ်နှင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ ယုံကြည်သက်ဝင်သည့် ပြည်သူများ လာရောက်ကြကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

## အလုံမြို့နယ်၌ နွေရာသီ အခြေခံကရာတေးသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၃**

ရန်ကုန်အနောက်ပိုင်း ခရိုင်၊ အလုံမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီ အခြေခံကရာတေးသင်တန်း ဖွင့်ပွဲကို အထက(၄)ကျောင်း သီရိရတနာခန်းမ၌ မတ် ၁၈ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်က အမှာစကားပြောကြားပြီး သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာမာအေးနှင့် အထက(၄) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြကြည်တို့ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါသင်တန်းကို ကလေးများ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးစေရန်နှင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁၈ ရက်မှ ဧပြီ ၁၀ ရက်အထိဖြစ်ကာ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**တင်တင်ချို**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း







ချစ်ဇနီး **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး** မန်နေဂျင်းဒါရိုက်တာ (MMTM - မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် ) သည် ( ၇၁ )နှစ်မြောက်လွတ်လပ်ရေးနေ့ (၄.၁.၂၀၁၉) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉ )ဖြင့် " **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** " ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်အပ်နှင်းခဲ့ပြီး ( ၂၀.၃.၂၀၁၉ )ရက် နေ့တွင် " **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့လက်မှတ်တော်** " အား နိုင်ငံတော်မှပေးအပ် ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်အနာဂတ်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်ရသော ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မြစ် များနှင့်အတူ အမျိုးဘာသာ သာသနာအကျိုးကို အလိုရှိတိုင်း ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ချစ်သောမိသားစုမှ ဝမ်းမြောက်ပျော်ရွှင်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| ချစ်ခင်ပွန်း | – | Dr. ဝင်းမြင့်( ဥက္ကဋ္ဌ – မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၊ အတွင်းရေးမှူး – မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၊ ဥက္ကဋ္ဌ– MMTM –မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် ) |
| ချစ်သားကြီး | – | Dr. ဝေယံဖြိုးပြည့်ဝင်း + မသဉ္ဇာမြတ်ခင် |
| ချစ်မြေးလေး | – | မောင်ဘုန်းမြတ်ဝင်း |
| ချစ်သားငယ် | – | မောင်ထွဋ်ခိုင်ဝင်း + Dr. အေးငြိမ်းသူ |
| ချစ်သားထွေး | – | Dr. ထက်ခိုင်ဝင်း |
| ချစ်သားငယ်လေး | – | မောင်သန်းထိုက်ဝင်း |

# လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် မတ် ၂၀ရက် နေပြည်တော်တွင် ကျင်းပခဲ့သော
၂၀၁၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင်
**သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းခံရသော**

**ဦးသိန်းဟန် (ဥက္ကဋ္ဌ)**

**TOKYO PIPE, Excel Hotel Group, Excel Home Mart**

အတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ မြန်မာနိုင်ငံအတွင်း အမျိုးဘာသာ သာသနာနှင့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဇော်ဝင်း (ဥက္ကဋ္ဌ)**
**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ**
**ဦးဘုန်းပိုင်ဦး (ဥက္ကဋ္ဌ)**
**PAING & PAING GROUP OF COMPANIES**
**ဒေါက်တာနေဇော်အောင် (အုပ်ချုပ်မှုဒါရိုက်တာ)**
**Clover Hotel**
**ဒေါ်သီတာကြီလင်း (ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ)**
**A1 Group of Companies**

**ဒေါက်တာစိုင်းစီတွမ်ခမ်း (ဥက္ကဋ္ဌ)**
**Rangoon Co.,Ltd**
**ဦးဇော်မျိုးသန့် (အုပ်ချုပ်မှုဒါရိုက်တာ)**
**Shwe Kaba Mg Mg Trading Co.,Ltd**
**ဦးဇော်မျိုးမြင့်**
**Queen's Park Hotel**
**ဒေါ်ချစ်စုဟန် (ဒါရိုက်တာ)**
**Excel Hotel Group**

# လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် မတ် ၂၀ရက် နေပြည်တော်တွင် ကျင်းပခဲ့သော
၂၀၁၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင်
**သီရိသုဓမ္မသင်္ဂီ ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းခံရသော**

**ဒေါ်သီတာကြီလင်း (ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ)**

**A1 Group of Companies**

အတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ မြန်မာနိုင်ငံအတွင်း အမျိုးဘာသာသာသနာနှင့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဇော်ဝင်း (ဥက္ကဋ္ဌ)**
**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ**
**ဦးဘုန်းပိုင်ဦး (ဥက္ကဋ္ဌ)**
**PAING & PAING GROUP OF COMPANIES**
**ဒေါက်တာနေဇော်အောင် (အုပ်ချုပ်မှုဒါရိုက်တာ)**
**Clover Hotel**

**ဒေါက်တာစိုင်းစီတွမ်ခမ်း (ဥက္ကဋ္ဌ)**
**Rangoon Co.,Ltd**
**ဦးဇော်မျိုးသန့် (အုပ်ချုပ်မှုဒါရိုက်တာ)**
**Shwe Kaba Mg Mg Trading Co.,Ltd**
**ဦးဇော်မျိုးမြင့်**
**Queen's Park Hotel**
**ဒေါ်ချစ်စုဟန် (ဒါရိုက်တာ)**
**Excel Hotel Group**




## အမည်ပြောင်း

ရေနံချောင်းမြို့၊ အမက (၁) မြို့မကျောင်း၊ စတုတ္ထတန်း၊ အခန်း (၂)မှ မချိုသဇင်သန့်အား ယနေ့မှစ၍ မချောကုဋ္ဌေစံဟု ပြောင်းလဲခေါ်ဆိုရန်။ **မချောကုဋ္ဌေစံ**

## ဝယ်လိုသည်

Aircom အဟောင်း/အပျက်များ ဈေးကောင်းပေးဝယ်သည်။

**Ph 09-254469987**
**09-73234986**

## အမည်ပြောင်း

ဘိုကလေးမြို့၊ အထက(၂) နဝမတန်း(၁/A)မှ (ဘ)ဦးလင်းအောင်၏သမီး မမြတ်ဖူးသက်ခိုင်အား မဖြူသီတာဟု ပြောင်းလဲခေါ်ဆိုပါရန်။

## လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ ခြံအမှတ် (၂၉၃)နေ ကျွန်တော် ဦးစန်းဦး၏ဇနီးဖြစ်သူ ဒေါ်နေခြည်လင်းမောင် ၁၂/ဥကမ(နိုင်) ၂၀၂၈၅၄ (ဘ)ဦးလှထွန်း၏သမီးဖြစ်သူသည် လွန်ခဲ့သည့် (၂) လခန့်က နေအိမ်မှဆင်းသွားပြီး ပျောက်ဆုံးသွားရာ ယနေ့အချိန်အထိ ကျွန်တော့်နေအိမ်သို့ ပြန်လည်ရောက်ရှိမလာဘဲပျောက်ဆုံးနေပါသည်။ တွေ့ရှိပါက အထက်ပါလိပ်စာအတိုင်း အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူများရှိပါက ၎င်းလက်ခံထားသူများအား သက်ဆိုင်ရာရာဇဝတ်၊ တရားမတရားဥပဒေများအရ အရေးယူတရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစန်းဦး ၁၂/ဥကမ(နိုင်)၀၆၈၄၈၅**
**ဖုန်း-၀၉-၂၅၀၆၃၉၇၃၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းလာ ၁၃/တခလ(နိုင်) ၀၆၃၉၇၉၏ Passport (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၄၅၇၄၃၅၁၀၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရွှေလု ၁၃/တခလ (နိုင်)၀၃၅၃၃၀ ၏ Passport (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၄၄၀၄၉၆၀၀၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘိုဘိုလွင် ၉/လဝန(နိုင်)၂၄၆၉၀၂ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၇၈၈၅၄၅၇၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀၁၁၁မ၀၈၂၈ကေ၊ မြေကွက်အမှတ်(ဥ-၁၇၁၀)၊ ဒေါ်ထွေးစိန် ၉/ပမန(နိုင်)၀၆၉၁၀၈ (ဘ)ဦးဖိုးထိုက် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဇွဲထက်အောင် ၉/ဇဗသ(နိုင်)၀၀၆၀၇၅ (ဘ) ဦးလွင်မောင်နိုင်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၂၆၃၅၊ ဧရိယာ ၀၁၁၁မ၀၈၂၈ကေရှိ ဦးဇော်ဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇော်မင်းသိန်း(ဘ)ဦးမြင့်သိန်း ၈/ပမန(နိုင်) ၀၈၀၀၇၃ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၈၉၄/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/ 6286 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိ မြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၅၃၃၊ ဧရိယာ ၀၁၁၁မ၀၈၂၈ကေရှိ ဒေါ်စန်းမြင့် အမည်ပေါက် ပါမစ်မြေကွက်အား ဦးမောင်ရင်(ဘ)ဦးစောမောင် ၉/ပမန(နိုင်)၁၅၀၂၉၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၈၀/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ ဦးကျော်ရွှေ အမည်ပေါက် မြေကွက်အမှတ်(၁၉၇) နှင့် (၁၉၈) မြေကွက် (၂) ကွက်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဇော်မျိုးအောင် ၁၀/မလမ(နိုင်)၀၀၁၃၀၃- ဒေါ်စီစီသန်း ၆/မအရ(နိုင်)၀၉၆၄၄၀ တို့မှ မြေငှားစာချုပ်(ဂရန်)ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၇၀၆)၊ ဧရိယာ ၀ ဒသမ ၀၈၂၈ကေအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးမြင့်အောင်(ကိုယ်စား) ဦးခင်မောင်ဝင်း (ဘ) ဦးမြင့်အောင် ၅/ခဥတ (နိုင်)၀၃၃၈၅၅ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၄၅/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ခုနစ်ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၈၅၄)၊ ဧရိယာ ၀ဒသမ၀၈၂၈ကေအတွက်မြေပေးမိန့်ထုတ်ပေးပါရန် ဦးကျော့ဇင်မင်း(ခ)ဂျမ်းတော(ကိုယ်စား) ဒေါ်တင်တင်သိန်း (ဘ) ဦးသိန်း ၅/အရတ(နိုင်)၀၅၀၁၂၀ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၄၀/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ခုနစ်ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၀၈၈)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဦးစိုင်းကျော်လင်းလတ်(ဘ) ဦးတင်မောင်မြင့် ၁၃/ပလန(နိုင်) ၀၀၁၇၃၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမင်းမင်းအောင်(ဘ)ဦးသောင်းညွန့် ၉/လဝန(နိုင်)၁၆၂၆၀၉မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၆၇)၊ ဧရိယာ ၀ဒသမ ၀၈၂၉ဧကရှိ ဦးငွေသိန်း(ဘ)ဦးပုလေး ၉/လဝန(နိုင်)၁၄၅၅၄၃အမည်ပေါက် ပါမစ်မြေကွက်အား ဦးသန်းထိုက်အောင်(ဘ)ဦးဝင်းသော် ၉/လဝန(နိုင်) ၁၅၁၆၅၁မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/ 5129 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6048 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# ရုပ်ရှင်လောကသားတို့ ပျော်ရွှင်ကြည်နူးခဲ့ရသည့် အကယ်ဒမီဆုချီးမြှင့်ပွဲ



မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် အနုပညာရှင်များကို တွေ့ရစဉ်။

**ရန်ကုန် မတ် ၂၃**

မီးရောင်စုံများ ဖြာကျနေသော စင့်မြင့် ထက်ဝယ် ရွှေရောင်အကယ်ဒမီ ရုပ်တုကြီးနှစ်ခုက တင့်တယ်စွာ ဖြည်းဖြည်း ချင်းလည်ပတ်လျက်၊ အနက်ရောင် စင်မြင့် နောက်ခံပိတ်ကားပေါ်တွင် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားဟူသော ရွှေရောင်စာလုံးများက တင့်တယ်စွာ ရှိနေသည်။ မြန်မာ့ရုပ်ရှင်အနုပညာရှင် ငွေကြယ်ပွင့်တို့အတွက် ရင်ခုန်စိတ်လှုပ်ရှားရသည့်နေ့ရက်ဖြစ်သလို၊ တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ချစ်ပရိသတ်များအတွက်ကလည်း မိမိတို့ နှစ်သက်အားပေးသော ရုပ်ရှင်အနုပညာရှင်များ ***စာမျက်နှာ ၇ ကော်လံ ၁*** ◆

# ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ

| ထူးချွန်ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|
| တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆု | ဒေါ်မြင့်မြင့်ခင် | |
| အကောင်းဆုံး ရုပ်ရှင်အသံဆု | ကိုအေး | မုန်းစွဲ |
| အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | ကျော်ခိုင်စိုး | ရွှေကြာ |
| အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | ဝင်းလွင်ထက် | မုန်းစွဲ |
| အကောင်းဆုံး ရုပ်ရှင်နောက်ခံတေးဂီတဆု | ရှလုံးအမ်ရောနမ် | မျက်နှာပြင်များ |
| အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု | ဝိုင်း | ရွှေကြာ |
| အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု | ဩရသ | မုန်းစွဲ |
| အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု | ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေး | ရွှေကြာ |
| အကောင်းဆုံး အမျိုးသားရုပ်ရှင်ဇာတ်ပို့ဆု | ကျော်ကျော်ဗို | မုန်းစွဲ |
| အကောင်းဆုံး အမျိုးသမီးရုပ်ရှင်ဇာတ်ပို့ဆု | အေးမြတ်သူ | နောင်တွင်ဥဒါန်းတွင်စေသတည်း |
| အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | ဖွေးဖွေး | ရွှေကြာ |
| အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | သူထူးစံ | မော်ဝင်သမန်းကျား |

# အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာနှင့် မကာအို ယနေ့ ကစားမည်

**ရန်ကုန် မတ် ၂၃**

၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (I) ဒုတိယနေ့ကို မတ် ၂၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အုပ်စုပွဲများကို တစ်ပြိုင်နက်ကျင်းပနေပြီး ဒုတိယနေ့အဖြစ် မွန်းလွဲ ၃ နာရီတွင် ဂျပန်အသင်းနှင့် တီမောအသင်း၊ ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် မကာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် တီမောအသင်းကို ဂိုးပြတ်အနိုင်ရထားပြီး ယခုပွဲတွင် ဂိုးပြတ်အနိုင်ရပါက ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ပိုကောင်းသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အာရှအင်အားကြီး ဂျပန်အသင်းနှင့် တစ်အုပ်စုတည်း ကျရောက်နေသောကြောင့် အကောင်းဆုံးအုပ်စုဒုတိယဖြင့်သာ ခြေစစ်ပွဲအောင်ရန် မျှော်လင့်ရမည်ဖြစ်ရာ မကာအိုအသင်းကို ဂိုးပြတ်အနိုင်ရရန် လိုအပ်နေသည်။ မြန်မာအသင်းသည် တီမောကို ခုနစ်ဂိုးပြတ်အနိုင်ရသည့်ပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း မကာအိုအသင်းကို ဂိုးပြတ်သွင်းယူနိုင်ရန် ပထမပွဲထက် ပိုကောင်းအောင် ကစားနိုင်ရန် လိုအပ်နေသည်။ မကာအိုအသင်းသည် ပထမပွဲတွင် ဂျပန်အသင်းကို ရှစ်ဂိုးပြတ်ရှုံးခဲ့သော်လည်း ပထမပိုင်းတစ်ပိုင်းလုံး ဂိုးမပေးရအောင် ကစားခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားရဖွယ်ရှိနေသည်။

အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် အုပ်စု ၁၁ ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးလေးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အကောင်းဆုံးအုပ်စုဒုတိယနေရာ တွက်ချက်ရာတွင် အုပ်စု (F) ၌ သုံးသင်းသာပါဝင်သောကြောင့် အုပ်စုအသင်းနှင့် ရလဒ်ကို ပယ်ဖျက်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ပွဲတိုင်းရလဒ်ကောင်းရန် လိုအပ်နေသည်။

**ညီမြတ်သော်တာ**

# မြန်မာအမျိုးသမီးအသင်း ဗီယက်နမ်ကို ခြေစမ်းပွဲတွင် အနိုင်ယူ

**ရန်ကုန် မတ် ၂၃**

နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲတွင် ရှုံးနိမ့်ထားသည့် ရှုံးကြွေးကိုပြန်ဆပ်နိုင်ခဲ့ပြီး နိုင်ပွဲပြန်ယူနိုင်ခဲ့သည်။ ယခုနိုင်ပွဲမှာ မြန်မာအမျိုးသမီးအသင်းအတွက် အဖိုးတန်သည့်နိုင်ပွဲဖြစ်ခဲ့ပြီး ကစားသမားများ၏ ယုံကြည်မှုကို တိုးတက်စေခဲ့သလို ကစားသမားများ၏ ကြိုးစားမှုကြောင့် နှစ်ဂိုးပြတ်အရှုံးမှ ***စာမျက်နှာ ၇ ကော်လံ ၁*** ❍



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် မတ် ၂၃**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ယင်းပွဲတွင် ဦးဆောင်ဂိုးရခဲ့သော်လည်း ပထမပိုင်းမှာပင် နှစ်ဂိုးပြန်ပေးလိုက်ရပြီး ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ၁၅ မိနစ်တွင် မြန်မာအသင်း ဂိုးစတင်ရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် လမင်းထွေးက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်း ဗီယက်နမ်အသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ပထမပိုင်းမှာပင် ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းခဲ့သည်။ ပထမပွဲတွင် ထိုင်းအသင်းက တရုတ်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် မတ် ၂၅ ရက်တွင် တရုတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

